၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.799, JANUARY 30, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ပေါ်ပေါက်လာမယ့် အစိုးရသစ်နှင့်ဆွေးနွေးရန် ဒေါ်အောင်ဆန်းစုကြည်အသင့်

**VOA ၊ ဂျန်နဝါရီ ၂၇ ။** ။ ပေါ်ပေါက်လာမယ့် အစိုးရသစ်နဲ့ တွေ့ဆုံဆွေးနွေးဖို့ အဆင်သင့်ပဲလို့ ဒေါ်အောင်ဆန်းစုကြည်က ထိုင်းနိုင်ငံခြားရေးဝန်ကြီး Kasit Pironmya) ကို ပြောကြားခဲ့တယ်လို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောပါတယ်။ နိုင်ငံခြားရေးဝန်ကြီး ကဆစ် ပီရွန်းနဲ့မကြာခင်ရက်ပိုင်းအတွင်းကရန်ကုန်မြို့မှာတွေ့ဆုံဆွေးနွေးစဉ် ဒေါ်အောင်ဆန်းစုကြည်က အခုလိုပြောကြားလိုက်တာပါ။ အပြည့်အစုံကို ဆက်သွယ်စုံစမ်းထားတဲ့ကိုဇော်ဝင်းလှိုင်က တင်ပြပေးပါမယ်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကဆစ် ပီရွန်းနဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ဟာ ဇန်နဝါရီ ၂၁ ရက်နေ့က ရန်ကုန်မြို့ မီကားဆား ဧည့်ရိပ်သာမှာ တွေ့ဆုံခဲ့ကြတာပါ။ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကဆစ် ပီရွန်းနဲ့ တွေ့ဆုံစဉ် စစ်အစိုးရနဲ့ နှစ်ဘက်အလျှော့အတင်းလုပ်ပြီး ပြုလုပ်မယ့် တွေ့ဆုံဆွေးနွေးမှုတွေ ဖြစ်ပေါ်ဖို့ သူမဘက်က လမ်းကြောင်းဖွင့်ထားတဲ့ အကြောင်းနဲ့ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့ အရေးယူမှုတွေကို ပြန်လည်သုံးသပ်ဖို့ အဆင်သင့်ရှိတဲ့ အကြောင်းတွေကို ပြောကြားခဲ့တယ်လို့ အမည်မဖော်လိုတဲ့ အဆင့်မြင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိက ပြောပါတယ်။

လောလောဆယ် အခြေအနေအရ မကြာခင် အစိုးရသစ်တရပ် ပေါ်ပေါက်လာတော့မှာ ဖြစ်တဲ့အတွက် အဲဒီ ပေါ်လာတဲ့ အစိုးရသစ်နဲ့ အမျိုးသားရင်ကြားစေ့ရေး ကိစ္စတွေအတွက် တွေ့ဆုံဆွေးနွေးဖို့သူမဘက်က အဆင်သင့်ရှိတဲ့ အကြောင်းလည်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးကို ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံခြားရေးဝန်ကြီး ကဆစ်ပီရွန်းတို့တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြတဲ့ အကြောင်းအရာတချို့ကိုတော့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိတဦးက အခုလို ပြောပြပါတယ်။

"မြန်မာနိုင်ငံသားတွေ တိုးတက်ကောင်းမွန်ဖို့နဲ့ တိုင်းပြည်အတွင်း အမျိုးသားရင်ကြားစေ့ရေး ဖြစ်ပေါ်လာဖို့အတွက် ထိုင်းနိုင်ငံအနေနဲ့ ပူးပေါင်းလုပ်ဆောင်လိုစိတ်ရှိပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ ပြဿနာဟာ မြန်မာနိုင်ငံသားတွေ ကိုယ်တိုင် ဖြေရှင်းမှသာ ရနိုင်မှာပါ။"

ဒ့ါအပြင် မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေး ပိတ်ဆို့အရေးယူမှုတွေ ရုပ်သိမ်းပေးရေးအတွက် အာဆီယံအဖွဲ့က လိုလားသလို တချိန်တည်းမှာပဲ မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုတွေ အရှိန်တိုးမြှင့် လုပ်ဆောင်တာကို မြင်တွေ့လိုတဲ့အကြောင်း မကြာခင်က အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ အာဆီယံဝန်ကြီးများတွေ့ဆုံပွဲအတွင်း ဆွေးနွေးခဲ့ကြတာတွေကို နိုင်ငံခြားရေးဝန်ကြီး ကဆစ်ပီရွန်းက ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လည်ပြောပြခဲ့တယ်လို့ ဆိုပါတယ်။

နှစ်နိုင်ငံ နယ်စပ်ဒေသမှာ လုံခြုံ စိတ်ချရမှု အခြေအနေ ဖြစ်ပေါ်လာတာကို ထိုင်းနိုင်ငံအနေနဲ့မြင်တွေ့လိုတဲ့အကြောင်းလည်းနိုင်ငံခြားရေးဝန်ကြီးက ဒေါ်အောင်ဆန်းစုကြည်ကိုပြောခဲ့တယ်လို့ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ ရန်ကုန်မြို့မှာ ခရီးရောက်မဆိုက် တွေ့ဆုံပြီး ထိုင်းနိုင်ငံခြားရေးဝန်ကြီးဟာ နေပြည်တော်မှာ ကျင်းပ နေတဲ့ BIMSTEC ဘင်္ဂလားပင်လယ်အော် ဒေသတွင်း နိုင်ငံများကဏ္ဍပေါင်းစုံနည်းပညာနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရဲ့ဝန်ကြီး အဆင့် စည်းဝေးပွဲကို တက်ရောက်ခဲ့တာပါ။ အဲဒီ အစည်းဝေးပွဲ ပြင်ပမှာပဲ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကဆစ်ပီရွန်းဟာ ဝန်ကြီးချုပ်ဦးသိန်းစိန်နဲ့ နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း အပါအဝင် တခြားစစ်အစိုးရအရာရှိတွေနဲ့လည်း သီးခြားတွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

| | | | | | |
|---|---|---|---|---|---|
| ကုလသမဂ္ဂ လူ့ အခွင့်အရေးကောင်စီမှ နအဖကို ဖိအားပေး | မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံကြဖို့ ကမ္ဘာ့ခေါင်းဆောင်တွေကို ဒေါ်စု မေတ္တာရပ် | မြန်မာ့အရေးအပေါ် တရုတ် အမေရိကန်နှင့် မြောက်ကိုရီးယားပတ်သက်မှု | စစ်ဖက်အရာရှိငယ်များကို အရပ်သား ဝန်ထမ်းအဖြစ် ရွှေ့ပြောင်း | လူငယ်များ စစ်မှုထမ်းရေး ဥပဒေအပေါ် တိုင်းရင်းသားတွေစိုးရိမ် | စီးပွားရေးပိတ်ဆို့မှုနှင့်ပတ်သက်ပြီး ဦးဝင်းတင်၏ အမြင်နှင့် အယူအဆ |
| စာမျက်နှာ ၃ | စာမျက်နှာ ၄ | စာမျက်နှာ ၁၀ | စာမျက်နှာ ၁၃ | စာမျက်နှာ ၁၆ | စာမျက်နှာ ၁၈ |




# ပြည်သူ့လွှတ်တော်

မြန်မာနိုင်ငံတွင် နအဖကကြီးမှူးကျင်းပခဲ့သော ၂၀၁၀ ရွေးကောက်ပွဲတွင် ရွေးချယ်ခံခဲ့ရသည့်ပြည်သူ့ကိုယ်စားလှယ်များ နှင့် ကာကွယ်ရေးဦးစီးချုပ်က စေလွှတ်လိုက်သည့်ကိုယ်စားလှယ်များပါဝင်သည့်လွှတ်တော်အား ဇန်နဝါရီ ၃၁ ရက် စတင်ခဲ့သည်။ ဖေဖော်ဝါရီလဆန်းပိုင်းတွင် အစိုးရသစ်ဖွဲ့စည်းလိမ့်မည်ဟု တွက်ဆမှုများလည်း ပေါ်ထွက်နေသည်။ စစ်တပ်က နိုင်ငံရေးတွင် တိုက်ရိုက်ပါဝင်ချုပ်ကိုင်မှုမရှိတော့သည့် နိုင်ငံရေးအပြောင်းအလဲဟု ဝေဖန်သုံးသပ်သူများရှိသည်။

ဒီမိုကရေစီအခြေပြု နိုင်ငံရေးစနစ်ကို ကျင့်သုံးသောနိုင်ငံများတွင် ဥပဒေပြုအာဏာကို ကျင့်သုံးပိုင်ခွင့်ရှိသော လွှတ်တော်သည်ပင်မအခရာဖြစ်သည်။ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဥပဒေများ၊ ပြင်ဆင်လိုက်သည့်ဥပဒေများကို အုပ်ချုပ်ရေးအာဏာကျင့်သုံးပိုင်ခွင့်ရှိသည့်အစိုးရက အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ထိုဘောင်သတ်မှတ်ချက်ကိုကျော်လွန်လုပ်ဆောင်ခြင်းမပြုရပေ။ တရားစီရင်ရေးအာဏာပိုင်များကလည်း လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီစီရင်ဆုံးဖြတ်ရမည်ဖြစ်သည်။ ထိုကဲ့သို့ပင်မအခရာကျသည့် လွှတ်တော်တွင် ပြည်သူလူထုကို ကိုယ်စားပြုသောသူများသာပါဝင်ခွင့်ရှိသည်ဟု ဒီမိုကရေစီကျင့်စဉ်အရ လက်ခံကျင့်သုံးနေကြ သည်။

ထို့ကြောင့်လွှတ်တော်တွင် ဥပဒေများရေးဆွဲခြင်း၊ အကြေအလည်ညှိနှိုင်းဆွေးနွေးခြင်း၊ အတည်ပြုခြင်းများကို ပြုလုပ်ကြ ရမည်ဖြစ်သည်။ အာဏာရှင်ခေါင်းဆောင်တဦး၏ဆုံးဖြတ်ချက်ကို အတည်ပြုပေးရုံသက်သက်သာဖြစ်သည့် တံဆိပ်တုံးနိုပ် ရန် လွှတ်တော်မဟုတ်ပေ။ ပြည်သူ့ကိုယ်စားလှယ်အဖြစ်ဖြင့် လွှတ်တော်တွင်းဝင်ရောက်လုပ်ကိုင်နေသည်ဆိုခြင်းမှာ ပြည်သူကိုအလုပ်အကျွေးပြုရန်မှတပါးအခြားမရှိဆိုသည့်အချက်ကို အလေးအနက်ခံယူရန်လိုအပ်ပေသည်။

# ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်သံအရာရှိများနှင့် ဆွေးနွေး

**DVB ၊ ဂျန်နဝါရီ ၂၇။** ။ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဗြိတိန်သံတမန်အဖွဲ့တခုကိုဒီနေ့ညနေပိုင်းက တွေ့ဆုံခဲ့တယ်လို့သိရပါတယ်။

ဆွေးနွေးတဲ့အကြောင်းအရာကို နှစ်ဖက်စလုံးက သတင်းထုတ်ပြန်ဖို့ မရှိဘူးလို့ အန်အယ်လ်ဒီ ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောပါတယ်။

"ဗြိတိန်က ကွန်မွန်းဝပ် အော်ဂနိုက်ဇေးရှင်းကအာရှဖစိဖိတ် ဒါရိုက်တာ မစ္စတာဂျွန်မာတင်နဲ့ အဖွဲ့က ညနေ ၄ နာရီမှ ၅ နာရီအထိ အထွေထွေအတွင်းရေမှူးရဲ့ နေအိမ်ကို လာရောက်ပြီးတော့ တွေ့စုံပါတယ်။ ဆွေးနွေးချက် အသေးစိတ်ကို နှစ်ဖက်စလုံးက ထုတ်ပြန်ရန်မရှိပါဘူး။"

အန်အယ်လ်ဒီရုံးမှာမနက်ဖြန်မနက်ကျင်းပဖို့ပြင်ဆင်ထားတဲ့ဒုတိယပင်လုံညီလာခံဆွေးနွေးပွဲမှာ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှစိုင်းစောအောင်နဲ့ ဇိုမီးကွန်ကရက်မှ ပုကျင့်ရှင်ထန်းတို့က ဟောပြောမှာဖြစ်ပြီး စိတ်ဝင်စားသူတိုင်း တက်ရောက် နားထောင်နိုင်တယ်လို့ ဦးအုန်းကြိုင်က ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မနက်ဖြန်ဆွေးနွေးပွဲကို တက်မှာလားဆိုတဲ့အမေးကိုတော့ ကျန်းမာရေးအခြေနေပေါ်မူတည်နေတယ်လို့ ဦးအုန်းကြိုင်ကပြောပါတယ်။

"ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကတော့ အားလုံးတက်ပါမယ်။ အထွေထွေအတွင်းရေးမှူးကတော့ ကျန်းမာရေးအခြေအနေအပေါ် မူတည်ပါတယ်။ နေတော့ ကောင်းပါပြီ။ တဖြည်းဖြည်း ကောင်းလာပါပြီ။ ဒါပေမယ့် Function အားလုံးကို သူ ဆောင်ရွက်နိုင်ဖို့ကတော့ နည်းနည်း အားမွေးနေရပါသေးတယ်။ အဲဒီတော့ မနက်ဖြန်အခြေအနေ ကောင်းရင်တော့ အထွေထွေအတွင်းရေးမှူး တက်မှာပါ။ ပထမတော့ နှာစေးချောင်းဆိုးပေ့ါဗျာ။ နောက်တော့ နည်းနည်း အလုပ်ဝန်ပိပြီးတော့ အားနည်းပြီး ဖျားတာပေ့ါ။ အဲဒါပြီးတော့ တခါ ဇက်ကြောပေါင်းလေ၊ ဇက်ကြောပေါင်းတက်တာ အတက်ဖြစ်တော့ အဲဒါ နည်းနည်း မကြာမကြာမူးချင်တာပေ့ါ။ ဒီနေ့တော့ သူကလည်း အလုပ်ကတော့ အချိန်ပြည့် လုပ်ချင်နေတာပဲ။ ဒီနေ့ ညနေပိုင်းတော့ နည်းနည်းလေး သက်သာလာတာနဲ့ အဲဒီ ဗြိတိန်က ဧည့်သည်ကို လက်ခံတွေ့တာပါ။"

## ပါလီမန်မှာစစ်မှုထမ်းဥပဒေကိုဆွေးနွေးသင့်

**DVB ၊ ဂျန်နဝါရီ ၂၄ ။** ။ စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး တိုင်းပြည်မှာ အမှန်တကယ်လိုအပ်၊ မလိုအပ် ပညာရှင်နဲ့တိုင်ပင်ဆွေးနွေးပြီး ပြည်သူဆန္ဒနဲ့ လုပ်ဆောင်သင့်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လူငယ်)အဖွဲ့က ဒီကနေ့သဘောထားထုတ်ပြန်ပါတယ်။

မကြာခင်က ထုတ်ပြန်လိုက်တဲ့ စစ်အစိုးရရဲ့ ၂၀၁၀ ခုနှစ်ပြည်သူ့စစ်မှုထမ်း ဥပဒေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအတွက် အလွန်စိမ်းနေတဲ့ ဥပဒေမျိုးဖြစ်နေတယ်လို့ ထောက်ပြထားပါတယ်။ ဒ့ါပြင် တိုင်းပြည်ရဲ့စီးပွားရေး၊ လူမှုရေး၊ ကျမ်းမာရေး၊ ပညာရေးစတဲ့ အခြေခံ အဆောက်အဦးတွေမှာလည်း ယိုယွင်းပျက်စီးနေတယ်လို့ဆိုပါတယ်။ အဲဒီ ဒဏ်တွေကို လူငယ်ထုတရပ်လုံးက ခံစားနေရလို့ သူတို့ကောင်းကောင်းနားလည် သဘောက်ပေါက်နေကြတယ်လို့ပြောပါတယ်။ ဒါတွေဟာ ၆၀ ရာခိုင်နှုန်း သုံးထားတဲ့စစ်အသုံး စရိတ်ကြောင့် လူထုရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ကျမ်းမာရေး၊ လူမှုရေး၊ ပညာရေးတွေဆိုးဝါးလာတဲ့အတွက်စစ်အသုံးစရိတ်ကို လျှော့ချသုံးစွဲသင့်ကြောင့်လည်းကြေညာချက်မှာ တောင်းဆိုထားပါတယ်။ သဘောထားထုတ်ချက်နဲ့ပတ်သက်ပြီးအဖွဲ့ချုပ်လူငယ်တာဝန်ခံ ကိုမျိုးညွန့်က အခုလို ထပ်ရှင်းပြပါတယ်။

"ကျနော်တို့အခုလက်ရှိ သဘောထားထုတ်ပြန်ခဲ့တယ်။ ထုတ်ပြန်တဲ့အပေါ်မှာ ကျနော်တို့ အခုဆက်သွယ်ဆောင်ရွက်နေတဲ့ လူငယ်တွေကလည်း ဒီအပေါ်မှာ သူတို့အနေနဲ့ ဝိုင်းထောက်ခံကြတယ်။ ကျနော်တို့ လူငယ်ထု

စာမျက်နှာ ၈ သို့

# ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ နအဖစစ်အုပ်စုကို ဖိအားပေး

**VOA I ဂျန်နဝါရီ ၂၇ ။** ။ ဂျီနီဗာမှာရှိတဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီရဲ့ UPR ခေါ် လူ့အခွင့်အရေး မှတ်တမ်းတွေကို သုံးသပ်တဲ့ ၉ ကြိမ်မြောက်ညီလာခံမှာ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်လို့ နိုင်ငံတကာရဲ့စိုးရိမ်မကောင်းဖြစ်မှုတွေကိုလေ့လာသုံးသပ်ပြီးအကြံဉာဏ်တွေပေးခဲ့ကြပါတယ် အပြည့်အစုံကို ဒေါ်လှလှသန်းက တင်ပြပေး ထားပါတယ်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ UPR ခေါ် လူ့အခွင့် အရေးမှတ်တမ်း ပြန်လည်သုံးသပ်တဲ့ညီလာခံမှာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးမှတ်တမ်းမှတ်ရာနဲ့ပတ်သက်လို့ ခုခံကာကွယ်ပြောဆိုဖို့ မြန်မာစစ်အစိုးရရဲ့ ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယရှေ့နေချုပ်ဒေါက်တာဦးထွန်းရှိန် ခေါင်းဆောင်ခဲ့တာဖြစ်ပါတယ်။ သူက မြန်မာနိုင်ငံရဲ့ ၂၀၀၈ ခု ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားတွေရဲ့ လူ့အခွင့်အရေး ခံစားခွင့်ကို အာမခံချက်ပေးထားတယ်လို့ အခုလိုတင်ပြသွားပါတယ်။

"ကျနော်တို့ ကိုယ်စားလှယ်အဖွဲ့အနေနဲ့ ဒီညီလာခံမှာ တင်ပြဖို့ လာရောက်ခြင်းက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ မြန်မာနိုင်ငံသားတွေကို ပေးထားတဲ့ ရပိုင်ခွင့်တွေအကြောင်း တင်ပြဖို့ဖြစ်ပါတယ်။အခြေခံလူ့အခွင့်အရေးအပိုင်းဖြစ်တဲ့ အပိုင်း ၈ မှာ အခြေခံလူ့အခွင့်အရေးမှုတွေက တခြားနိုင်ငံတွေရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေနဲ့ တန်းတူပေးထားပါတယ်။ တရားဥပဒေရေးအရလည်း ဘက်လိုက်မှုကင်းပြီး တရားမျှတမှုရှိဖို့ အာမခံချက် ပေးထားပါတယ်။"

ဂျီနီဗာ အခြေစိုက် မြန်မာစစ်အစိုးရရဲ့ အမြဲတမ်း ကိုယ်စားလှယ် ဦးဝဏ္ဏမောင်လွင်ကတော့ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလ ၇ ရက်နေ့က ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲကို အခြေခံပြီး ဒီမိုကရေစီ ဖော်ဆောင်ရာမှာ လမ်းပြမြေပုံရဲ့ အချက် ၆ ချက်ဖြစ်တဲ့ လွှတ်တော်သစ်ကို ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ကျင်းပမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ရွေးကောက်ပွဲရဲ့ တရားမျှတမှုနဲ့ လွတ်လပ်မှုကိုလည်း သူက အခုလို တင်ပြသွားပါတယ်။

"စုစုပေါင်း လွှတ်တော်အမတ် ၃,၀၆၉ ယောက်တို့ဟာ နိုင်ငံရေးပါတီ ၃၇ ခုအပြင် တသီးပုဂ္ဂလထဲက ကိုယ်စားလှယ်တွေလည်း ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ရွေးကောက်ပွဲမှာ မဲရုံတွေကိုသွားပြီး မဲပေးခဲ့ကြပါတယ်။ မဲမပေးဖို့အတွက် အုပ်စုတွေရဲ့လှုပ်ရှားမှုတွေလည်း ရှိခဲ့ပေမဲ့ မဲပေးနိုင်သူ လူဦးရေရဲ့ ၇၅.၂၆% က မဲပေးခဲ့ကြပါတယ်။ ရွေးကောက်ပွဲရဲ့ ရလဒ်တွေကို ကြည့်ခြင်းအားဖြင့်ရွေးကောက်ပွဲမှာ မဲမသမာမှုတွေ မရှိခဲ့သလို အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုတွေလည်း မရှိခဲ့ပါဘူး။"

အမေရိကန် အထူးသံကိုယ်စားလှယ် မစ်စ်အိုင်လင်းချမ်ဘာလိန် ဒိုနာဟိုး (Ms. Eileen Chamberlain Donahoe) ကတော့ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲဟာ လက်ခံနိုင်စရာမရှိဘူးလို့ အခုလိုတုံ့ပြန်သွားပါတယ်။

"နိုဝင်ဘာလ ၇ ရက်နေ့ ရွေးကောက်ပွဲတွေနဲ့ ပတ်သက်လို့ အမေရိကန် ပြည်ထောင်စုအနေနဲ့ သိပ်ကိုစိတ်ပျက်မိပါတယ်။ အဲဒီရွေးကောက်ပွဲတွေဟာ လွတ်လပ်ပြီး တရားမျှတမှု မရှိသလို နိုင်ငံတကာက ကန့်သတ်ထားတဲ့ စံနှုန်းတွေနဲ့လည်း မကိုက်ညီပါဘူး။ ရွေးကောက်ပွဲဖော်ဆောင်မှုဟာလည်း ချို့ယွင်းချက်တွေ လွန်ကဲနေပြီး အခြေခံလူ့အခွင့်အရေးတွေလည်း ချုပ်ချယ် ကန့်သတ်ထားတာဖြစ်ပါတယ်။

"မြန်မာစစ်အစိုးရရဲ့ လက်ရှိ ခေါင်းဆောင်တွေအာဏာတည်မြဲရေးကိုပဲ အာမခံချက်ရရှိအောင် လုပ်ဆောင်ပေးခဲ့တယ်လို့ မြင်ပါတယ်။ ဒီရွေးကောက်ပွဲဟာ ယုံကြည်ကိုးစားမှု မရှိသလို ရွေးကောက်ပွဲဥပဒေတွေဟာလည်းမတရားပါဘူး။ရွေးကောက်ပွဲကော်မရှင်ကလည်း ဖြောင့်ကျကျပဲ ဘက်လိုက်တဲ့အပြင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေလည်း ပါဝင်ခွင့်မရခဲ့ကြပါဘူး။" လို့ မစ်စ်ဒိုနာဟိုးက ထောက်ပြသွားပါတယ်။

ဒါ့အပြင် မြန်မာစစ်အစိုးရကိုလည်း အကြံပေးရာမှာ နိုင်ငံရေးအကျဉ်းသားတွေကို ချက်ချင်းပြန်လွှတ်ပေးဖို့၊ နိုင်ငံတကာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ချက်ချင်းရပ်တန့်ဖို့နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တရားဝင်ပါတီအဖြစ် အသိအမှတ်ပြုပြီး အမျိုးသားပြန်လည် ရင်ကြားစေ့ရေးအတွက် NLD အပြင် တခြားတိုင်းရင်းသားတွေ၊ ဒီမိုကရေစီ အုပ်စုတွေနဲ့ ဖော်ဆောင်ဖို့လည်း အမေရိကန်ကိုယ်စားလှယ်က တိုက်တွန်းသွားပါတယ်။

ဗြိတိန်နိုင်ငံရဲ့ အထူးသံကိုယ်စားလှယ်ဖြစ်တဲ့ ပီတာ ဂွတ်ဒါဟမ် (Peter Gooderham) ကလည်း မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ပတ်သက်လို့ စိုးရိမ်မကောင်းဖြစ်တဲ့အကြောင်း အခုလို ထုတ်ဖော် ပြောကြားသွားပါတယ်။

"မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ရှိနေတဲ့အတွက် စိုးရိမ်မကောင်း ဖြစ်မှုတွေ၊ ဥပဒေမဲ့ မတရားဖမ်းဆီးမှုတွေ၊ အတင်းအဓမ္မရွှေ့ပြောင်းခိုင်းမှုတွေ၊ ကလေးစစ်သား စုဆောင်းမှုတွေ၊ နိုင်ငံရေးအကျဉ်းသားတွေကို နှိပ်စက်ညှဉ်းပန်းမှုတွေ၊ တိုင်းရင်းသားတွေအပေါ် နှိပ်ကွပ်မှုတွေနဲ့ ကရင်တိုင်းရင်းသားတွေ အပါအဝင်တခြား တိုင်းရင်းသားတွေအပေါ် စစ်တပ်က လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေကို ရပ်တန့်ပေးပါ။"

လက်ရှိ အာဆီယံအသင်းကြီးရဲ့ အလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ အင်ဒိုနီးရှားရဲ့ အထူးသံ မစ္စတာအမ်အန်ရှော (Mr. M Anshor) ကတော့ မြန်မာစစ်အစိုးရကို အခုလို အကြံပေးသွားပါတယ်။

"လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့် အပါအဝင် လွတ်လပ်တဲ့ သတင်းမီဒီယာတွေကို အာမခံချက် ရရှိဖို့အတွက် ပြည်တွင်း ဥပဒေတွေကို ပြင်ဆင်ပေးပါ၊ လူ့အခွင့်အရေး အဖွဲ့ကို တသီးပုဂ္ဂလတွေနဲ့ဖွဲ့စည်းပြီး ယုံကြည်ကိုးစားမှုအဆင့် ရရှိအောင်မြှင့်တင်ပါ။ နိုင်ငံသားတွေရဲ့စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးတွေ ခံစားခွင့်ရအောင်ဖော်ဆောင်ပါ။ အာဆီယံနဲ့ လူ့အခွင့်အရေးကော်မရှင်နဲ့ ဆက်ဆံရေး မြှင့်တင်ပါ။"

မြန်မာစစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုအမြဲတမ်းကာကွယ်ပြောဆိုနေတဲ့ တရုတ်နိုင်ငံကတော့ အနောက် နိုင်ငံကချမှတ်ထားတဲ့ ဒဏ်ခတ် ပိတ်ဆို့မှုတွေကို ရုပ်သိမ်းပေးဖို့ တိုက်တွန်းခဲ့ပြီး မြန်မာစစ်အစိုးရကို ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အခုလို တိုက်တွန်းသွားပါတယ်။

"တရုတ်အစိုးရအနေနဲ့ မြန်မာအစိုးရကို အကြံပေးလိုတာက

**စာမျက်နှာ ၄ သို့**

# မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံကြဖို့ ကမ္ဘာ့ခေါင်းဆောင်တွေကို ဒေါ်စု မေတ္တာရပ်

**VOA ၊ ဂျန်နဝါရီ ၂၈ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံမှာ ခေတ်မီနည်းပညာရပ်တွေနဲ့ အခြေခံအဆောက်အဦးတွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်နေပါတယ်လို့ကမ္ဘာ့ဦးဆောင်စီးပွားရေးလုပ်ငန်းရှင်တွေနဲ့နိုင်ငံ့ခေါင်းဆောင်တွေကို မေတ္တာရပ်ခံလိုက်ပါတယ်။ ဒါပေမဲ့ မြန်မာ နိုင်ငံမှာရင်းနှီးမြှုပ်နှံထားကြသူတွေအနေနဲ့ရော၊ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်တစားစဉ်းစားနေကြသူတွေအနေနဲ့ပါ တရားဥပဒေကို လေးစားလိုက်နာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ လူမှုရေးမှာ ကူညီရေး၊ အလုပ်သမားအခွင့်အရေး အပြည့်အဝ ပေးရေးနဲ့ အလုပ်အကိုင်ဖန်တီးရေး စတာတွေကို အာမခံချက်ပေးရပါလိမ့်မယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်ပါတယ်။

သဘာဝသယံဇာတတွေ အလျှံပယ်အောင် ပေါကြွယ်ဝပေမဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့စာရင် အများကြီး ခေတ် နောက်ကျကျန်နေတဲ့ မြန်မာပြည်သူပြည်သား ၅၅ သန်းရဲ့ကိုယ်စား မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်တာပါ။ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံကြပါရန် ဆွစ်ဇာလန်နိုင်ငံ Davos မြို့မှာ ပြုလုပ်နေတဲ့ ကမ္ဘာ့စီးပွားရေးရာ နှစ်ပတ်လည်ညီလာခံ (World Economic Fourm) ကို ဒေါ်အောင်ဆန်းစုကြည်က မေတ္တာရပ်ခံလိုက်တာပါ။ ဒါပေမဲ့ ဖွံ့ဖြိုးမှုအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ လူမှုရေးမှာ ပေးဆပ်ရမယ့် ပျက်စီးဆုံးရှုံးနစ်နာမှုတွေ မဖြစ်ရအောင် ကြိုတင်အစီအစဉ် ချဖို့လိုတယ်လို့ အခုလိုပြောပါတယ်။

"မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံနေကြသူတွေ အနေနဲ့ရော၊ရင်းနှီးမြှုပ်နှံဖို့စိတ်ဝင်စားပြီး စဉ်းစားနေကြသူတွေ အနေနဲ့ပါ တရားဥပဒေကို လေးစားလိုက်နာရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့လူမှုရေးမှာ ကူညီရေး၊ အလုပ်သမားအခွင့်အရေး လေးစားရေး၊ အလုပ်အကိုင်ဖန်တီးရေးနဲ့ နည်းပညာပိုင်းမှာ ကျွမ်းကျင်လိမ္မာရေး စတာတွေအတွက် အရင်အာမခံချက်ပေးကြပါလို့ မေတ္တာရပ်ခံပါရစေ။"

ရင်းနှီးမြှုပ်နှံရေးမှာ ဒီလိုချဉ်းကပ်တာမျိုးဟာ သက်ဆိုင်သူတွေအားလုံးအတွက် ကျယ်ကျယ်ပြန့်ပြန့်အကျိုးခံစားမှုတွေကိုရေရှည်ဖြည့်ဆည်းပေးနိုင်ပြီး ဒါဟာ ကမ္ဘာတဝှမ်းလုံးက နားလည်ခံယူထားတဲ့တာဝန်သိမှုနဲ့အညီ ဖြစ်ပါတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်ပါတယ်။

"မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်အောင် အားသာစေမယ့် အခွင့်ကောင်းတွေ ပေါ်လာနိုင်တဲ့ နိုင်ငံရေးနဲ့လူမှုရေး ပတ်ဝန်းကျင်တရပ် ပေါ်ထွန်းလာမယ့်နေ့တနေ့ကို ကျမ ရှေ့ရှုနေပါတယ်။ ကျမတို့နဲ့ပြည်သူတွေ ဒီနေ့ခေတ်ကမ္ဘာကြီးကို အမှီလိုက်နိုင်ဖို့ဆိုရင် ပြည်သူတွေ အားကျအတုယူနေရတဲ့ ဆန္ဒတွေ ဖြည့်ဆည်းပေးရေးအတွက် နည်းပညာရပ်တွေ၊ နည်းအမျိုးမျိုးနဲ့ တီထွင်ဖန်တီးမှုနည်းပညာတွေ လိုအပ်နေတာကတော့ သေချာပါတယ်။"

မြန်မာနိုင်ငံမှာ နှစ်စဉ် GDP ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဘိုးရဲ့ ၄၀ ရာခိုင်နှုန်းကို စစ်အသုံးစရိတ်အဖြစ် သုံးစွဲနေပြီး ကျန်းမာရေးနဲ့ပညာရေးကဏ္ဍ နှစ်ခုပေါင်းအတွက် ၂ ရာခိုင်နှုန်းသာ သုံးစွဲနေတာဖြစ်တယ်လို့ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။ဒ့ါကြောင့် ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ လူမှုရေးနယ်ပယ်ရဲ့ လိုအပ်ချက်တွေကို ဦးစားပေးကိုင်တွယ်ဖို့ လိုနေတယ်လို့လည်းပြောပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသနဲ့ ပဋိပက္ခဖြစ်ပွားနေတဲ့ နယ်မြေတွေမှာ ကာကွယ်လို့ရနိုင်တဲ့ ရောဂါတွေကြောင့် ယူကျုံးမရဖြစ်ရတဲ့ အကျိုးဆက်တွေ မဖြစ်ရအောင် ကြိုတင်ကာကွယ်ကြဖို့ လိုတယ်လို့လည်း ပြောပါတယ်။ တိုက်ရိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ဖို့အတွက်ဆိုရင် ဥပဒေစိုးမိုးမှု အာမခံချက်ပေးဖို့အတွက် မြန်မာနိုင်ငံရဲ့ တရားဥပဒေစနစ်ကိုလည်း ပြုပြင်ပြောင်းလဲပစ်ဖို့ လိုတယ်လိုလည် ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ နှစ် ၅၀ အတွင်း နိုင်ငံရေးပဋိပက္ခတွေကြောင့် ဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းတွေ အများကြီးလက်လွတ်ဆုံးရှုံးခဲ့ရတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့စီးပွားရေးရာ နှစ်ပတ်လည်ညီလာခံကြီးကို တက်ရောက်လာကြသူတွေအနေနဲ့ ကျွမ်းကျင်မှုအကူအညီတွေနဲ့ အားပေးကြပါလို့လည်း ဒေါ်အောင်ဆန်းစုကြည်က မေတ္တာရပ်ခံလိုက်ပါတယ်။

"မြန်မာပြည်သူလူထုကိုယ်တိုင် ပါဝင်ဖြည့်ဆည်းနိုင်တဲ့ ပိုပြီးလုံခြုံ၊ ပျော်စရာကောင်းတဲ့ကမ္ဘာကြီးကို ရှေ့ရှုနိုင်ဖို့အတွက် ဒီကမ္ဘာ့စီးပွားရေးရာနှစ်ပတ်လည်ညီလာခံကြီးကို တက်ရောက်လာကြသူတွေအားလုံးအနေနဲ့ အထူး ကျွမ်းကျင်မှုတွေနဲ့အတူ ဒီအချိန်အခါကိုအခွင့်ကောင်းယူပြီး မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးအနှစ်သာရပြည့်ဝတဲ့ ဒီမိုကရေစီဆောင်ကြဉ်းရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနဲ့စီးပွားရေးဖွံ့ဖြိုးဖို့အတွက် အတတ်နိုင်ဆုံး ဝိုင်းဝန်းအားပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။"

ဇန်နဝါရီလ ၂၆ ရက်နေ့ကနေ ၃၀ ရက်နေ့အထိ ကျင်းပနေတဲ့ ၂၀၁၁ ခုနှစ် ကမ္ဘာ့စီးပွားရေးရာ နှစ်ပတ်လည်ညီလာခံကြီးကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းဦးဆောင်တဲ့ နိုင်ငံ့ခေါင်းဆောင် ၃၀ ကျော်၊ ကမ္ဘာ့စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၁,၀၀၀ ကျော်၊ နည်းပညာကျွမ်းကျင်သူပေါင်း ၁,၂၀၀ ကျော်နဲ့အတူ စက်မှုထွန်းကားတဲ့ နိုင်ငံ ၂၀ ကျော်က တာဝန်ရှိပုဂ္ဂိုလ်တွေ တက်ရောက်နေကြပြီး ကမ္ဘာတဝှမ်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနဲ့ ပညာရေးနယ်ပယ်တွေနဲ့ပတ်သက်ပြီး အကဲခတ်စမ်းစစ်မှုတွေ၊ တီထွင်ဖန်တီးမှုတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ ပတ်သက်ပြီး တိုင်ပင်နှီးနှော ဆွေးနွေးနေကြတာဖြစ်ပါတယ်။

---

**စာမျက်နှာ ၃ မှ**

တော့ ကုလသမဂ္ဂအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးလူ့အခွင့်အရေး ဆွေးနွေးပွဲတွေ၊ သင်တန်းတွေကို ကျင်းပပေးဖို့ ဆိုတာပါပဲ။"

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီရဲ့ အဖွဲ့ဝင် ၄၇ နိုင်ငံတို့က အခုလို လူ့အခွင့်အရေးအခြေအနေတွေကို အလှည့်ကျ သုံးသပ်တဲ့ စနစ်ကို ၂၀၀၆ ခုနှစ်က စတင်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေတွေကို အခုလို တင်ပြဆွေးနွေးခွင့်ရတဲ့အတွက်ကြောင့်လည်း ဒီချိုးဖောက်မှုတွေရပ်တန့်ဖို့ မြန်မာစစ်အစိုးရကို ကောင်စီအဖွဲ့ဝင်တွေအနေနဲ့ ဖိအားပေးခွင့်ရတာလည်းဖြစ်တယ်လို့ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့တွေက ရှုမြင်ကြပါတယ်။

# အဖွဲ့ချုပ် တရားဝင်ရပ်တည်ခွင့် နောက်ဆုံးလျှောက်လဲချက် ပြီးပါပြီ

**VOA ၊ ဂျန်နဝါရီ ၂၄ ။** ။ NLD ပါတီ တရားဝင်ရပ်တည်ခွင့်ရှိရေးအတွက် တရားရုံးချုပ်မှာ အယူခံဝင်ထားတဲ့အမှုကို ဒီကနေ့နေပြည်တော်တရားရုံးချုပ်မှာနှစ်ဘက်ရှေ့နေတွေက နောက်ဆုံးလျှောက်လဲချက်တင်သွင်းခဲ့ကြပါတယ်။နောက်ဆုံးစီရင်ချက်ဘယ်တော့ ချမယ်ဆိုတာအတိအကျမသိရသေးပေမဲ့ ဒီကိစ္စဟာ ဥပဒေလမ်းကြောင်းအရ မှန်ကန်နေတဲ့အမှုဖြစ်တာကြောင့် ဒီအမှုကို ပယ်မယ့်အစားလက်ခံမယ်လို့ သူတို့အနေနဲ့ မျှော်လင့်ကြောင်း အကျိုးဆောင်ရှေ့နေကြီး ဦးညဏ်ဝင်းက ပြောပါတယ်။ အပြည့်အစုံကို ဆက်သွယ်စုံစမ်းထားတဲ့ ကိုဇော်ဝင်းလှိုင်က တင်ပြပေးထားပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုဖို့ NLD ပါတီက ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း စစ်အစိုးရက ထုတ်ပြန်ထားတဲ့ ဥပဒေတွေအရ ပါတီအနေနဲ့ နိုင်ငံရေးပါတီအဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိတော့သလို ဖြစ်သွားခဲ့တဲ့နောက်ပိုင်း ပါတီ တရားဝင်ရပ်တည်ပိုင်ခွင့် ရရေးအတွက် တရားစွဲဆိုထားခဲ့တာပါ။

အရင်စွဲဆိုချက်တွေကို တရားရုံးချုပ်က ပလပ်လိုက်ပေမဲ့အခုနောက်ဆုံး နေပြည်တော်တရားရုံးချုပ်မှာ တင်သွင်းထားတဲ့လျှောက်လဲချက်နဲ့ ပတ်သက်လို့တော့ ဒီကနေ့ နေပြည်တော်တရားရုံးချုပ်က နှစ်ဘက်ရှေ့နေတွေရဲ့လျှောက်လဲချက်တွေကို ကြားနာခဲ့တဲ့အကြောင်း NLD ပါတီ ဗဟိုဥပဒေအထောက်အကူပြု အဖွဲ့ဝင်လည်းဖြစ်၊ ဒီအမှုကို လိုက်ပါဆောင်ရွက်ပေးနေတဲ့ အကျိုး ဆောင်ရှေ့နေ တဦးလည်းဖြစ်တဲ့ ဦးညဏ်ဝင်းက ပြောပြပါတယ်။

"ဒီနေ့မနက် ၁၀ နာရီမှာ နှစ်ဘက်ပေါ့၊ ကျနော်တို့ တဘက်ရယ်၊ အစိုးရဘက်က ရှေ့နေချုပ်ရုံးရယ်၊ လျှောက်လဲချက်ပေးပါတယ်။ ၁၂ နာရီဝန်းကျင်မှာ ပြီးပါတယ်။ ကျနော်တို့ဘက်ကတော့ ဆရာဦးကြည်ဝင်း ကိုယ်တိုင်လျှောက်လဲချက်ပေးပါတယ်။ အဲဒါကိုအမိန့် ကျဖို့ရက်မရသေးပါဘူး။ ကျနော်ကတော့ Order Result ပေါ့၊ အမိန့်ချမှတ်ရန် သီးသန့်ထားသည်ဆိုတော့ ကျနော်တို့ အဲဒါ အမိန့်စောင့်ရဦးမယ်။ လျှောက်လဲချက်ပေးတဲ့ အဆင့်ပါပဲ။ ကိုယ့်ဘက်က လျှောက်လဲချက်ပေးတယ်၊ ဟိုဘက်က လျှောက်လဲချက်ပေးတယ်၊ အဲဒါပါပဲ။"

အစိုးရရှေ့နေတွေဘက်ကတော့စစ်အစိုးရက ထုတ်ပြန်ထားတဲ့ ဥပဒေသစ်တွေကို ကိုးကားပြီး တင်ပြခဲ့တဲ့အကြောင်း ဦးညဏ်ဝင်းက ဆက်ပြောပြပါတယ်။

"သူတို့ကတော့ ဒီဥစ္စာမှန်တယ်ပေါ့။ ဥပဒေအသစ် ထွက်နေပြီ၊ ဥပဒေအတိုင်းပဲ ဘာညာပေါ့ဗျာ။ ကျနော်တို့ကတော့ အသေးစိတ်ပြောပါတယ်။ ကျနော်တို့ပြောတဲ့ အသေးစိတ်ကိုလည်း ဟိုဘက်က အသေးစိတ်တော့ မတုံ့ပြန်ဘူး။ မတုံ့ပြန်ဘူးဆိုတာ သူတို့ Ready မဖြစ်တာလည်း ပါမှာပေါ့ဗျာ။ အကြမ်းဖျင်းအားဖြင့်တော့ အစိုးရဘက်က ဒါ မှန်တယ်လို့ပြောတာပေါ့။ ကျနော်တို့ကတော့ လုံးဝလွဲမှားနေတဲ့အကြောင်း ဥပဒေအထောက်အထားနဲ့ ပြောတာပါ။"

အခု သူတို့ဘက်က လျှောက်လဲချက်ဟာဥပဒေလမ်း ကြောင်းအရ မှန်ကန်တဲ့ လျှောက်လဲချက်ဖြစ်တာကြောင့် လျှောက်ထားချက်အပေါ် တရားရုံးက လက်ခံမယ်လို့ သူ့အနေနဲ့ယုံကြည်တဲ့အကြောင်း ဦးညဏ်ဝင်းက ပြောပါတယ်။

"ကျနော့်အနေနဲ့တော့ ဥပဒေကြောင်းအရ ကောင်းတဲ့အတွက် ပယ်လိုက်တယ်ဆိုတဲ့အစား လက်ခံလိမ့်မယ်လို့ ကျနော်တို့ယုံကြည်တယ်။"

NLD ဗဟို ဥပဒေ အထောက်အကူပြု အဖွဲ့ဝင် အကျိုးဆောင်ရှေ့နေကြီး ဦးညဏ်ဝင်းပြောပြခဲ့တာ ဖြစ်ပါတယ်။

နေပြည်တော်တရားရုံးက NLD ပါတီ တရားဝင် ရပ်တည်ခွင့်ရှိရေးအတွက် လက်ခံပြီး ဆုံးဖြတ်ချက်ချပေးလိုက်ရင် ပါတီအနေနဲ့ တရားဝင် နိုင်ငံရေးပါတီအဖြစ် ရပ်တည်ခွင့်ရှိမှာ ဖြစ်ပေမဲ့ တရားရုံးက ပယ်လိုက်ရင်တော့ NLD ပါတီဟာ တရားဝင်နိုင်ငံရေးပါတီအဖြစ်ဆက်လက်ရပ်တည်ခွင့် ရတော့မှာမဟုတ်ပါဘူး။

စစ်အစိုးရကထုတ်ပြန်ခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေအရရွေးကောက်ပွဲမဝင်ဖို့ ဆုံးဖြတ်ခဲ့တဲ့ NLD ပါတီအနေနဲ့ အဲဒီ ဥပဒေတွေနဲ့ ငြိစွန်းပြီး တရားဝင် နိုင်ငံရေးပါတီအဖြစ်ဆက်လက်ရပ်တည်ခွင့်မရတော့သလို ဖြစ်ခဲ့ပေမဲ့ NLD ကတော့ အရင် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်တဲ့အတွက် မှတ်ပုံထပ်တင်စရာမလိုတော့ဘူးလို့ အစောပိုင်းကပြောထားခဲ့ဖူးပါတယ်။

# စစ်ပြေးဒုက္ခသည် ၅ သိန်းကျော်

**DVB ၊ ဂျန်နဝါရီ ၂၄ ။** ။ မြန်မာနိုင်ငံ အရှေ့ဘက်နယ်စပ်မှာဖြစ်ပွားနေတဲ့တိုက်ပွဲတွေ၊ မငြိမ်သက်မှုတွေကြောင့် မြန်မာနိုင်ငံသား ၅ သိန်း ပြည်တွင်းဒုက္ခသည်အဖြစ် တောတောင်တွေထဲ ပုန်းအောင်းနေရတယ်လို့ HRW ခေါ် လူ့အခွင့်ရေးစောင့်ကြည့်မှုအဖွဲ့က ပြောဆိုပါတယ်။

ဒီနေ့ထုတ်ပြန်တဲ့ နှစ်ပတ်လည်အစီရင်ခံစာအတွင်း အခုလိုဖော်ပြထားတာဖြစ်ပြီး အစိုးရတပ်ရော၊ သူပုန်တပ်တွေရော ကလေးစစ်သားစုဆောင်းနေတယ်လို့လည်းထောက်ပြထားပါတယ်။ အရပ်သားကျေးရွာတွေကိုတိုက်ခိုက်မှုအတွက် မြန်မာအစိုးရတပ်မှာ တိုက်ရိုက်တာဝန်ရှိတယ်လို့ လူ့အခွင့်အရေးအဖွဲ့ကထောက်ပြထားပါတယ်။ မြန်မာတပ်ရဲ့လူ့အခွင့်ရေးချိုးဖောက်မှုတွေထဲမှာပါဝင်တဲ့အချက်တွေကတော့ လုပ်အားပေးနဲ့ ပေါ်တာခိုင်းတာ၊ အသေချာစစ်ဆေးမေးမြန်းမှုမလုပ်ဘဲ သတ်ဖြတ်တာ၊ ကျေးရွာတွေကနေ အတင်းအကျပ်ပြောင်းရွှေ့ခိုင်းတာ၊ လူသားမိုင်းရှင်းကိရိယာအဖြစ်အသုံးပြုတာ၊ အမျိုးသမီးတွေကို မုဒိမ်းကျင့်တာ၊ ရိက္ခာရဖို့အတွက် ရွာသားတွေကို နှိပ်စက်တာ၊ လယ်ယာမြေတွေကို သိမ်းဆည်းတာတွေ လုပ်နေတယ်လို့ထောက်ပြထားပါတယ်။

ဒီတိုက်ခိုက်မှုတွေကို အဓိကခံနေရတဲ့ ဒေသတွေကတော့ ကရင်၊ ကရင်နီနဲ့ ရှမ်းပြည်နယ်တွေမှာဖြစ်ပြီး လူပေါင်း ၅ သိန်းဟာပြည်တွင်း ဒုက္ခသည်အဖြစ်ပုန်းအောင်းနေရတယ်လို့ ဆိုပါတယ်၊ ဒါ့အပြင် ကုလသမဂ္ဂအသိမှတ်ပြု ဒုက္ခသည်တသိန်းခွဲခန့်ကလည်း ထိုင်းနိုင်ငံတွင်းက ဒုက္ခသည်စခန်းတွေမှာ ရှိနေဆဲဖြစ်ပြီး ရိုဟင်ဂျာဒုက္ခသည် ၃ သောင်းခန့်ဟာလည်း ဘင်္ဂလားဒေ့ရှ်နယ်စပ်က စခန်းမှာ ရှိနေပြီး နောက်ထပ် ၂ သိန်းခန့်ကတော့ နယ်စပ်မှာဖြစ်သလို ခိုလှုံနေတယ်လို့ လူ့အခွင့်ရေးအဖွဲ့က ပြောပါတယ်။

ဒါ့အပြင် နောက်ထပ် တသန်းထက်ပိုများတဲ့ တရားမဝင် မြန်မာအလုပ်သမားတွေဟာလည်း အိမ်နီးချင်းနိုင်ငံတွေမှာ တရားမဝင်နေထိုင်အလုပ်လုပ်နေရတယ်လို့ HRW လူ့အခွင့်ရေးအဖွဲ့က ထောက်ပြထားကြောင်း ဒေအအက်ဖ်ဗီသတင်းမှာ ဖော်ပြထားပါတယ်။

# လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် မြန်မာနိုင်ငံမှာ ဆိတ်သုဉ်း

**VOA ၊ ဂျန်နဝါရီ ၂၄ ။** ။ မြန်မာနိုင်ငံတွင်းမှာရှိတဲ့ တည်ဆဲဥပဒေတွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် အတော်များများဟာ လွတ်လပ်စွာရေးသားဖော်ထုတ်ခွင့်တွေ၊ သတင်းလွတ်လပ်ခွင့်တွေကို ချုပ်ချယ်တားမြစ်ထားတယ်လို့ လန်ဒန်အခြေစိုက် Article 19 လူ့အခွင့်အရေးအဖွဲ့ကပြောပါတယ်။ ဒီလို ဥပဒေမျိုးတွေကြောင့် ပြီးခဲ့တဲ့ ရွေးကောက်ပွဲဟာ ဒီမိုကရေစီနည်းလမ်းမကျခဲ့သလို နောက်ပိုင်းမြန်မာ့ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေး တိုးတက်မှုတွေအတွက်လည်း ဒီဥပဒေတွေက အတားအဆီးဖြစ်နေဦးမယ်လို့ ဝေဖန်ပါတယ်။ Ariticle 19 အဖွဲ့ဟာ ဒီအစီရင်ခံစာကို ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံတွေကိုပေးပို့ပြီး ဒီကိစ္စကို လာမယ့်ဇန်နဝါရီလ ၂၇ ရက်နေ့ မြန်မာ့လူ့အခွင့်အရေးအခြေအနေ သုံးသပ်စိစစ်မှုမှာထည့်သွင်း ဆွေးနွေးပေးဖို့ ပန်ကြားနေပါတယ်။ အပြည့်အစုံကို ကိုသားညွှန့်ဦးကတင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံအခြေအနေကို လူ့အခွင့်အရေးကောင်စီအလုပ်အဖွဲ့အနေနဲ့ အခု ၂၇ ရက်နေ့ လူ့အခွင့်အရေး သုံးသပ်မှုတွေလုပ်တဲ့အခါ မြန်မာနိုင်ငံတွင်း လွတ်လပ်စွာဖော်ထုတ်ခွင့်ကို ကန့်သတ် ပိတ်ဆို့နေတဲ့ဥပဒေတွေ ဖျက်သိမ်းပေးရေးကိစ္စ ဖိအားပေးကြဖို့ ဒီအစည်းအဝေးကိုတက်မယ့် လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ကိုယ်စားလှယ်တွေကို Article 19 အဖွဲ့က အခု ဂျီနီဗာမှာ လိုက်လံတွေ့ဆုံတိုက်တွန်းနေပါတယ်။

မြန်မာနိုင်ငံဟာ လွတ်လပ်စွာဖော်ထုတ်ခွင့်တွေ ပိတ်ပင်တဲ့ကိစ္စမှာ ကမ္ဘာ့နိုင်ငံတွေအကြား အဆိုးဆုံးနိုင်ငံ တနိုင်ငံဖြစ်နေသလိုသတင်းမီဒီယာတွေအပေါ် ကန့်သတ်ချုပ်ချယ်မှု အတင်းကျပ်ဆုံး နိုင်ငံလည်းဖြစ်နေတယ်လို့ Article 19 အဖွဲ့က ထောက်ပြပါတယ်။ အဓိကအချက်ကတော့ အခုလက်ရှိ ဖွဲ့စည်းပုံပါအချက်အချို့ဟာ လွတ်လပ်စွာဖော်ထုတ်ခွင့်ကို ထိထိရောက်ရောက် ပိတ်ပင်ထားသလို ဒီမိုကရေစီနိုင်ငံဖြစ်လာရေးအတွက်လည်း အနှောင့်အတားဖြစ်စေတယ်လို့ Article 19 အဖွဲ့ တာဝန်ရှိသူတဦးဖြစ်တဲ့ အိုလီဗာ စပန်ဆာ (Oliver Spencer) က ပြောပါတယ်။

"အခုလက်ရှိ ဖွဲ့စည်းပုံပါ ပုဒ်မ ၆၊ ပုဒ်မ ၃၈၂၊ ပုဒ်မ ၂၀(င)၊ ပုဒ်မ ၃၆၄၊ ပုဒ်မ ၂၆၅၊ ဒီပုဒ်မ ၅ ခုဟာ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို ချိုးဖောက်ထားပါတယ်။"

ဒီအချက်တွေကို အစီရင်ခံစာ ပြုစုပြီးတော့ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်တွေကို လိုက်လံရှင်းပြနေတယ်လို့ အိုလီဗာစပန်ဆာက ပြောပါတယ်။ ဒီဥပဒေတွေကြောင့်ပဲ ပြီးခဲ့တဲ့ ရွေးကောက်ပွဲဟာ ဒီမိုကရေစီနည်း မကျခဲ့ဘူးလို့လည်း သူက ထောက်ပြပါတယ်။

"ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲ တရပ်အတွက်လိုအပ်ချက်တွေ၊ နောက်ထုတ်ပြန်ထားတဲ့ ဥပဒေတွေကို အခြေခံပြီးထောက်ပြထားပါတယ်။ ဒီဥပဒေတွေ အားလုံးဟာ လွတ်လပ်စွာဖော်ထုတ်ရေးသားခွင့်တွေနဲ့ မီဒီယာ လွတ်လပ်ခွင့်တွေကို ကန့်သတ် ထိန်းချုပ်ထားပါတယ်။ ပြီးခဲ့တဲ့ရွေးကောက်ပွဲဟာ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲမဖြစ်ခဲ့ပါဘူး။ မီဒီယာတွေရော နိုင်ငံရေးသမားတွေပါ လွတ်လပ်စွာပြောဆိုခွင့်တွေမရခဲ့ပါဘူး။"

အခု Universal Periodic Review (UPR) ဟာ ပထမဆုံး အကြိမ်အဖြစ် မြန်မာ့အရေးဆွေးနွေးမှာဖြစ်ပါတယ်။ NCGUB အမျိုးသားညွှန့်ပေါင်းအစိုးရအဖွဲ့ ကုလသမဂ္ဂရေးရာတာဝန်ခံဒေါက်တာသောင်းထွန်းကတော့ UPR ဆွေးနွေးပွဲကနေ တစုံတရာ အဖြေမ ထုတ်နိုင်ပေမဲ့လာမယ့် လူ့အခွင့်အရေးကောင်စီညီလာခံ မြန်မာ့အရေးဆုံးဖြတ်ချက်အတွက် အဓိကဖြစ်လာနိုင်တယ်လို့ယူဆ ပါတယ်။

"အခုဆိုရင် နိုင်ငံတွေက ကြိုတင်မေးထားတဲ့ မေးခွန်းတွေထွက်နေပါပြီ။ ဒါကို နအဖအနေနဲ့ဖြေကြားရမယ်။ အဲဒီလို ဖြေကြားပြီးတဲ့ နောက်ပိုင်းမှာညှိနှိုင်းရေးအဖွဲ့ကနေပြီးတော့မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေနဲ့ ပတ်သက်လို့ သုံးသပ်ချက် မူကြမ်းတစောင်ကို သူတို့ပြုစုမယ်၊ အကြံပြုချက်တွေလည်း ပါမယ်ပေ့ါ။ ဒါပေမဲ့ ဒီမူကြမ်းကို ဇွန်လမှာလုပ်မယ့် အစည်းအဝေးကျမှပဲ အတည်ပြုမှာဖြစ်ပါတယ်။"

တကယ်တော့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရော အရင်ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင်ကပါ ဆုံးဖြတ်ချက်တွေ အတန်တန်ချမှတ်ခဲ့ဖူးပေမဲ့ မြန်မာအစိုးရဘက်ကတော့ ဒါတွေအားလုံးကို လျစ်လျူပြုခဲ့ပါတယ်။ Article 19 အဖွဲ့က အိုလီဗာကတော့ မြန်မာ့လူ့အခွင့်အရေး အခြေအနေ တိုးတက်လာဖို့ ဆိုရင် အနောက်နိုင်ငံတွေရဲ့ ကြိုးပမ်းချက်တွေထက် ဒေသတွင်း ကြိုးပမ်းချက်တွေက ပိုအရေးကြီးမယ်လို့ ယူဆပါတယ်။

"တကယ်တမ်း အပြောင်းအလဲတွေ လုပ်နိုင်ဖို့ ဆိုရင်တော့ မြန်မာနိုင်ငံနဲ့ ပတ်သက်ဆက်စပ်နေတဲ့ ဒေသတွင်း နိုင်ငံတကာအသိုင်းအဝိုင်းပဲဖြစ်ပါလိမ့်မယ်။ နည်းလမ်း ၃ သွယ်ရှိပါတယ်။ တခုကတော့ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနဲ့ ပိုထိစပ်ပြီး လူ့အခွင့်အရေးကိစ္စ ဖိအားပေးဖို့ပါ။ ဒုတိယနည်းကတော့ တရုတ်အနေနဲ့ နိုင်ငံတကာမှာ ဦးဆောင်မှုပေးနိုင်တဲ့နိုင်ငံအဖြစ်ရပ်တည်ပြီး မြန်မာနဲ့ မြောက်ကိုရီးယားလို နိုင်ငံတွေကို အကာအကွယ်ပေးတာတွေ ရပ်တန့်ဖို့ပါ။

"တတိယနည်းကတော့ အာဆီယံ အလှည့်ကျဥက္ကဋ္ဌဖြစ်လာမယ့် အင်ဒိုနီးရှားနိုင်ငံပါ။ အင်ဒိုနီးရှားအနေနဲ့ သူ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူတဲ့အချိန်မှာ လူ့အခွင့်အရေးကိစ္စတွေကို ပိုပြီး ဦးစားပေးမယ်လို့ပြောထားပါတယ်။ ဒါ့အပြင်မြန်မာနိုင်ငံအရေးဟာ အာဆီယံအတွက် အရှက်ရစေတဲ့ကိစ္စပါ။"

ဒါပေမဲ့လည်း လူ့အခွင့်အရေးနဲ့ပတ်သက်လို့ တရုတ်နိုင်ငံကိုယ်တိုင်က ပြည်တွင်းမှာ ပြဿနာတွေရင်ဆိုင်နေရသလို အိန္ဒိယနိုင်ငံကလည်း အာရှနိုင်ငံတွေနဲ့၊ အထူးသဖြင့် မြန်မာနဲ့သံတမန်ဆက်ဆံရေးပိုင်းမှာ လူ့အခွင့်အရေးကိစ္စတွေကို သိပ်မပြောလိုတော့ပါဘူး။ အာဆီယံ အသင်းကြီးက မကြာခင်ကပြဋ္ဌာန်းလိုက်တဲ့ အာဆီယံပဋိညာဉ်ထဲမှာ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ အချက်အလက်တွေထည့်သွင်းထားပေမဲ့လည်း အာဆီယံအသင်းဝင် နိုင်ငံအများစုဟာ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ ကျယ်ကျယ်လောင်လောင် ပြောလေ့မရှိပါဘူး။

ဒါကြောင့်လည်း အခု မြန်မာ့အရေး UPR အစည်းအဝေးအတွက် မေးခွန်းတွေ ထုတ်ထားတဲ့ နိုင်ငံတွေကို ကြည့်ရင် အနောက်နိုင်ငံတွေ အများစုဖြစ်နေတာတွေ့ရပြီး မေးမြန်းတဲ့အာရှနိုင်ငံအချို့ကလည်း ဖွံ့ဖြိုးရေးဆိုင်ရာအခွင့်အရေးတွေကိုပဲ အလေးပေးဆွေးနွေးထားကြပါတယ်။

# ကိုယ်စားလှယ်တွေအနေနဲ့လည်း လုပ်ပိုင်ခွင့်ရရှိမှာမဟုတ်ပါ

**DVB ၊ ဂျန်နဝါရီ ၂၄ ။** ။ လာမယ့် ၃၁ ရက်နေ့မှာ နအဖစစ်အုပ်စုက နှစ် ၂၀ ကျော်ကာလမှာ ပထမဆုံးခေါ်ယူမယ့် လူ့လွှတ်တော်အတွင်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ရေးဦးစီးချုပ်က တိုက်ရိုက်ခန့်ထားတဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အရပ်သား ဒီမိုကရက်တစ်ကိုယ်စားလှယ်တွေအနေနဲ့ လုပ်ပိုင်ခွင့်နဲ့ ဆုံးဖြတ်ခွင့်တွေရရှိနိုင်မှာ မဟုတ်ဘူးလို့ မြန်မာ့နိုင်ငံရေး အကဲခတ်တွေက သုံးသပ်ပြောဆိုလိုက်ကြပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းတွေမှာ ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်အတည်ပြု ထုတ်ပြန်ပေးလိုက်တဲ့ ကာကွယ်ရေးဦးစီးချုပ်က တိုက်ရိုက်ခန့်ထားတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၃၈၈ ဦးအနေနဲ့ ထက်အောက်ဖွဲ့စည်း ပုံတွေကြောင့် လွှတ်တော်တွင်း လုပ်ပိုင်ခွင့်နဲ့ ဆုံးဖြတ်ခွင့်တွေ ရရှိမှာမဟုတ်ဘူးလို့ ကာကွယ်ရေးဦးစီးချုပ်ဟောင်းတဦးဖြစ်သလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦးကပြောပါတယ်။

"ကွပ်ကဲမှု ပုံစံက တခါတည်းပါလာတယ်။ ကွပ်ကဲမှုဆိုတာက အပေါ်ကနေ ဗိုလ်မှူးချုပ်က နောက်မှာ အောက်က ဗိုလ်မှူးကြီး၊ ဗိုလ်မှူး၊ ဗိုလ်ကြီး စသည်ဖြင့်ပေါ့၊ ဆိုပါတော့ အမျိုးသားလွှတ်တော်မှာပဲ တက်တက်၊ ပြည်သူ့လွှတ်တော်မှာပဲတက်တက် သူကဖွဲ့စည်းပေးပြီး လေ့ကျင့်ပေးပြီးတော့ တခါတည်း ထည့်လိုက်တာ ပဲ၊ ဘာမှကို ထွေရာလေးပါးပြောစရာ မလိုဘူးလေ၊ အဲဒါနဲ့ပတ်သက်လို့ တသံတည်းထွက်ပေ့ါ၊ တခုတည်းပြောကြပေါ့။ ဒီလိုဟာမျိုးလေးတွေ ဖြစ်တာပေ့ါ။"

ပြည်ပအခြေစိုက် မြန်မာ့အရေးလေ့လာသူတဦးဖြစ်တဲ့ ကိုအောင်သူငြိမ်းကလည်း အခုထုတ်ပြန်လာတဲ့ တပ်မတော်သားကိုယ်စားလှယ်တွေရဲ့စာရင်းတွေကို ထောက်ရှုပြီး အခုလို သုံးသပ်ပါတယ်။

"ပါလာတဲ့ ကိုယ်စားလှယ်တွေက ရာထူးငယ်တွေဖြစ်တယ်။ သူတို့က အထက်ကပေးတဲ့ အမိန့်အတိုင်း လိုက်နာဖို့ အနေအထားမှာရှိပါတယ်။ အထက်က ဖြူရင်ဖြူတယ်၊ မည်းရင် မည်းတယ်။ အဲတော့ တကယ့်တကယ်ကို လေးလေးနက်နက်ဆွေးနွေးပြီးတော့ စဉ်းစားချင့်ချိန်ဖို့ အနေအထားထက် စာရင်မဲပေးဖို့ လူဝင်ဖြည့်ထားတဲ့ အနေအထားမျိုး ပိုဖြစ်နေတာတွေ့ရတယ်။"

ဇန်နဝါရီ ၃၁ ရက် လွှတ်တော်ထဲမှာ ကြံ့ခိုင်ရေးပါတီက အနိုင်ရတပ်မတော်အရာရှိဟောင်းတွေနဲ့ ယူနီဖောင်းဝတ်နဲ့ တက်ရောက်မယ့် တပ်မတော်သား ကိုယ်စားလှယ်တွေကြား ဆက်ဆံရေးအခြေအနေကိုလည်း ဦးတင်ဦးက အခုလို သုံးသပ်ပါတယ်။

"ကြံ့ခိုင်ရေးအသင်းက လူတွေကလည်းပဲ၊ အရင်ထဲက တပ်မတော်ထဲမှာ အကြီးအကဲ လုပ်ခဲ့တဲ့ပုဂ္ဂိုလ်တွေကော၊ အဆင့်ဆင့် တာဝန်ထမ်းခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေကော သူတို့က ယူနီဖောင်းချွတ်ပြီးတော့ အရပ်ဝတ်နဲ့ပါတာပဲ။ သူတို့ရဲ့ နဂိုမူလ Basic of Training စိတ်နဲ့ပတ်သက်လို့ ထိန်းချုပ်ထားတာကအဆင့်ဆင့်ကွပ်ကဲမှုဆိုတာ ခြားနားပြီးသားလေ၊ အဲတော့ ဒီသွေးကဘယ် ပျောက်မလည်းဗျ။"

ဒါအပြင် ကြံ့ခိုင်ရေးပါတီရဲ့အမတ် တပ်မတော်အငြိမ်းစားအရာရှိတွေနဲ့ အခုတပ်မတော်သားကိုယ်စားလှယ်တွေကြား ဖြစ်ပေါ်လာနိုင်တဲ့ ပြဿနာ တွေကိုလည်းမြန်မာ့အရေးလေ့လာနေတဲ့ကိုအောင်သူငြိမ်းကအခုလိုဆိုပါတယ်။

"ရွေးချယ်ခံထားရတဲ့ စစ်တပ်အရာရှိဟောင်းတွေနဲ့ အခုမှ တပ်မတော်ကိုယ်စားလှယ်ဆိုပြီး တက်လာပြီးတော့ ဝါအရကော အသက်အရကောသိပ်ငယ်လွန်းတဲ့ ဒီကြားထဲမှာဆက်ဆံရေးမှာ ပြဿနာတခုရှိတယ်လို့ထင်ပါတယ်။ နောက် ဒုတိယပြဿနာတခုကတော့ အခု စစ်တပ်ဘက်ကလာတဲ့ အရာရှိတွေက အသက်သိပ်ငယ်လွန်းတဲ့ အခါကျတော့ ကျနော်တို့ဥပဒေတွေမူဝါဒတွေကို တကယ့်တကယ် လေးလေးနက်နက်ဆွေးနွေးပြီး ချမှတ်မယ့်ကိစ္စမျိုးမှာ အကျိုးရှိမလားဆိုတဲ့မေးခွန်းပေ့ါ။ ဒါလည်း ပြဿနာရှိတယ်လို့ ကျနော်ထင်တယ်။ နောက်တခုက ကျနော်တို့ ရွေးကောက်ပွဲဝင်တဲ့ တချို့ပါတီတွေ စဉ်းစားခဲ့တာရှိတယ်။ အခု လာမယ့်ပါလီမန်ထဲမှာ စစ်တပ်ဘက်ကလာမယ့်လူနဲ့အရပ်ဘက်ကလာတဲ့ကိုယ်စားလှယ်တွေကြားထဲမှာ စစ်ဘက်အရပ်ဘက် ဆက်ဆံရေးတရပ် ထူထောင်နိုင်မလားဆိုတဲ့ စိတ်ကူးတွေလည်းရှိပါတယ်။ အဲတော့ အဲဒီ စိတ်ကူးတွေနဲ့ပတ်သက်လို့လည်း ပြောမယ်ဆိုရင် တော်တော်တော့ မှေးမှိန်သွားတဲ့ အနေအထားမျိုးရှိပါတယ်။"

ဒီတပ်မတော်သားကိုယ်စားလှယ်တွေအနေနဲ့ လွှတ်တော်ထဲမှာပြည်သူတွေလိုအပ်နေတဲ့ ဒီမိုကရေစီရေးအတွက် အမှန်တကယ်လုပ်ဆောင်မယ် မလုပ်ဆောင်ဘူးဆိုတာကိုတော့ မကြာခင်မှာ လက်တွေ့မြင်တွေ့ရမှာလို့ ဦးတင်ဦးကဆိုပါတယ်။

"ရှိသေးတာပေ့ါ၊ ဘယ်လောက်ထိ လွှတ်လွှတ်လပ်လပ် ပြောလို့ရမယ်၊ တသံတည်းပဲထွက်လား၊ အသံကောထွက်လား၊ ပြည်သူလူထုနဲ့ ဘယ်လောက်ထိအကျိုးပြုလုပ်နိုင်မလဲ၊နောက်သူတို့ပြောတဲ့အတိုင်းဘယ်လောက်ထိ ဒီမိုကရေစီနဲ့ပတ်သက်တာကို သွားမလဲ။ အဲဒါတော့ အဓိကလုပ်ကြည့်တဲ့အခါကျတော့တွေ့မှာပဲလေ။ အဲတော့ စနေတဲ့ ပုံသဏ္ဌာန်အခင်းအကျင်းက ကျနော်အမြဲတမ်းပြောနေတဲ့အတိုင်းပဲ မမှန်ဘူးဆိုတာပဲလေ၊ ဒီလွှတ်တော်က ဝင်ရောက်လာတဲ့ ဗိုလ်ချုပ်ကြီးတွေ ဗိုလ်မှူးကြီးတွေကို ကွပ်ကဲမှာမဟုတ်ဘူး။ အပေါ်ကရှိနေတဲ့ အကြီးဆုံးပုဂ္ဂိုလ်က လွှတ်တော်ကို ကွပ်ကဲမှာပဲ။ အဲဒါဘယ်လောက်မှန်လဲ။ အဲဒါကို မဟုတ်ဘူး။ မှန်တယ်လို့လုပ်ပြသွားရင်တော့ ပြည်သူတွေအတွက်ဝမ်းသာစရာပေ့ါ။ ကျနော်တို့ပြောတဲ့အတိုင်း လုပ်ရင်တော့ ဒါခင်ဗျားတို့ ပြောပြောနေတဲ့ စစ်ကျွန်စနစ် ပြန်ထူထောင်တာပဲဖြစ်မှာပေ့ါ။ အဲလိုပဲသွားမှာပဲ။ အဲတော့ အခင်းအကျင်း ၃၁ ရက်နေ့တော့ ဘာမှလုပ်နိုင်မှာမဟုတ်ဘူး။ သူတို့ ရွေးတာတွေချယ်တာတွေ သမ္မတခန့်တာနဲ့၊ ဒုသမ္မတခန့်တာနဲ့ ပြည်နယ်ဥက္ကဋ္ဌ ဘယ်သူဘယ်ဝါ ဒါတွေနဲ့ အလုပ်ရှုပ်နေမှာပဲ။ ဘာမှတော့ တိုင်းပြည်အတွက် ပြောနိုင်ဆိုနိုင်မှာ မဟုတ်သေးဘူး။"

လာမယ့် ၃၁ ရက်နေ့မှာ နအဖစစ်အစိုးရက ပထမဆုံးအဖြစ်ခေါ်ယူထားတဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်ဒါမှမဟုတ် ပြည်နယ်လွှတ်တော်အသီးသီးမှာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၃၈၈ ဦး၊ ကြံ့ခိုင်ရေးပါတီက အနိုင်ရရှိထားတဲ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းက ၈၈၂ ဦးရှိနေတာကြောင့် နှစ်မျိုးပေါင်းကိုယ်စားလှယ်ဦးရေဟာ ၁၂၇၀ အထိရှိလာမှာ ဖြစ်ပါတယ်။ အရပ်သားဒီမိုကရက်တစ်အင်အားစု နိုင်ငံရေးပါတီတွေနဲ့ တိုင်းရင်းသားပါတီစုစုပေါင်း ၃၇ က အနိုင်ရလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းကတော့ ၂၇၂ ဦးရှိနေပြီး တပ်နဲ့ကြံ့ခိုင်ရေးကိုယ်စားလှယ်စုစုပေါင်းရဲ့ အစွန်းထွက်လောက်ပဲရှိနေတာကိုတွေ့ရပါတယ်။ ဒီလိုအရေအတွက် ကွာခြားမှုတွေကြောင့်လည်း လာမယ့် ပါလီမန်အတွင်းမှာ အရပ်သားဒီမိုကရက်တစ်အင်အားစုတွေအနေနဲ့ဘာမှလုပ်ဆောင်နိုင်ဖွယ်မရှိသလို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးပိုင်းတွေကိုလည်းအများဆုံးအနိုင်ရရှိထားတဲ့ ကြံ့ခိုင်ရေးပါတီနဲ့တပ်မတော်သား ကိုယ်စားလှယ်တွေကပဲ စိတ်ကြိုက်ပြင်ဆင်သွားမယ့် အခြေအနေမျိုးတွေရှိနေတယ်လို့ အခြားနိုင်ငံရေးအကဲခတ်တွေကလည်း ဝေဖန်ပြောဆိုနေကြပါတယ်။

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# မြန်မာ့အရေးအပေါ် တရုတ် အမေရိကန်နှင့် မြောက်ကိုရီးယားပတ်သက်မှု

**VOA ၊ ဂျန်နဝါရီ ၂၂။** ။ တရုတ်-အမေရိကန် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့လာတာဟာ နှစ်နိုင်ငံအတွက်သာမက ဒေသဆိုင်ရာနဲ့ အပြည်ပြည်ဆိုင်ရာအတွက် အရေးကြီးကြောင်း တရုတ်သမ္မတရဲ့အမေရိကန် ခရီးစဉ်က ပြသနေပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးမှာ အဆင်မပြေတာလေးတွေကို ခေါင်းဆောင်ပိုင်းက တွေ့ဆုံဆွေးနွေးပြီး စေ့စပ်ညှိနှိုင်းဖြေရှင်းကြပါတယ်။ အဆင်မပြေတာတွေထဲမှာ မြောက်ကိုရီးယားနဲ့ မြန်မာကိစ္စလည်း ပါဝင်ပါတယ်။ နှစ်နိုင်ငံလုံးကို တရုတ်က ကူညီထောက်ပံ့နေပြီး အမေရိကန်က ဒဏ်ခတ်အရေးယူထားပါတယ်။ဗမာ စစ်အစိုးရနဲ့ မြောက်ကိုရီးယားဟာ တရုတ်အကူအညီနဲ့ အသက်ဆက်နေကြပါတယ်။ မြန်မာပြည်မှာ လမ်းပန်းဆက်သွယ်ရေးလို အခြေခံအဆောက်အအုံတွေ ကောင်းမွန်အောင် ပြုလုပ်နေတာဟာ တရုတ်ရဲ့ သေနင်္ဂဗျူဟာ တခုသာဖြစ်ပါတယ်။

အမေရိကန်အစိုးရတွေဟာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးကို အဓိကထားကြတဲ့အတွက် ဗမာစစ်အစိုးရကို ဒဏ်ခတ်အရေးယူထားပါတယ်။ ဒါပေမဲ့ မြန်မာပြည်မှာ ဒီမိုကရေစီကျင့်သုံးနေပြီး တည်တည်ငြိမ်ငြိမ်နဲ့ ဖွံ့ဖြိုးတိုးတက်လာတာကို အမေရိကန်နဲ့ တရုတ်တို့က မြင်လိုတယ်လို့ မကြာခင်က ပေါက်ကြားခဲ့တဲ့ အမေရိကန်နိုင်ငံခြားရေးဌာန စာရွက်စာတမ်းမှတ်တမ်းတွေအရ သိရှိရပါတယ်။

မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးတာကို အမေရိကန်နဲ့တရုတ်တို့က မြင်လိုတယ်လို့ ရန်ကုန်အခြေစိုက် အမေရိကန်သံတမန်တို့ရဲ့ ၂၀၀၈ ခုနှစ် ပေးစာတွေအရ သိရပါတယ်။ ဗမာစစ်အစိုးရကို အမေရိကန်က စီးပွားရေးအရဒဏ်ခတ်အရေးယူတာဟာ အချည်းနှီးသာဖြစ်ကြောင်း တရုတ်သံတမန်က အမြဲတမ်းထောက်ပြနေပါတယ်။ မြန်မာ့အရေးမှာ ကုလသမဂ္ဂပါဝင်ဆောင်ရွက်တာကို တရုတ်ကထောက်ခံပေမယ့် ကုလသမဂ္ဂက ဒဏ်ခတ်အရေးယူမှာကိုတော့ လက်မခံပါဘူး။

မြန်မာနဲ့မြောက်ကိုရီးယားက ဆိုးဆိုးဝါးဝါးလုပ်နေတာတောင် တရုတ်က ဝေဖန်ရှုတ်ချတာမျိုး မလုပ်ပါဘူး။ သက်ဆိုင်သူအားလုံး ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ ပန်ကြားလေ့ရှိပါတယ်။ တရုတ်ရဲ့ဆောင်ရွက်ချက်ကြောင့် တရုတ်-မြန်မာနယ်စပ်နဲ့ ကိုရီးယားကျွန်းဆွယ်မှာစစ်မဖြစ်တာလို့ သုံးသပ်ကြပါတယ်။

ဗမာစစ်အစိုးရကို အမေရိကန်ကပြန်လည်ဆက်ဆံဖို့ ကြိုးပမ်းလာတာနဲ့ပတ်သက်ပြီး တရုတ်ပြည်မှာ အယူအဆအမျိုးမျိုးရှိနေတာကို တွေ့ရပါတယ်။ International Crisis Group - အပြည်ပြည်ဆိုင်ရာပြဿနာလေ့လာရေးအဖွဲ့က လွန်ခဲ့တဲ့ ဖွန်လမှာ ကုမင်နဲ့ဘေဂျင်းတို့ကတရုတ်ပညာရှင်အချို့ကို တွေ့ဆုံမေးမြန်းတဲ့အခါမှာ မြန်မာ အမေရိကန်ချစ်ကြည်ရေးဟာ တရုတ်အတွက် အန္တရာယ်ဖြစ်တယ်လို့မြင်ကြပါတယ်။ ဗမာစစ်အစိုးရသာ အမေရိကန်နဲ့ချစ်ကြည်ရင်းနှီးသွားရင်တရုတ်အဖို့ရေနံနဲ့ဓာတ်ငွေ့မှန်မှန်ရဖို့တောင် မသေချာတော့ဘူးလို့ တရုတ်ပညာရှင်တွေက မြင်ကြပါတယ်။ ဗမာစစ်အစိုးရကို အမေရိကန်က စီးပွားရေးဒဏ်ခတ်အရေးယူထားလို့သာ တရုတ်ကုမ္ပဏီတွေစားပေါက်ချောင်နေတာလို့ ဆိုကြပါတယ်။ ဗမာစစ်အစိုးရနဲ့ လက်တွဲဖို့ ကြိုးစားနေတဲ့ အမေရိကန်မူဝါဒသစ်ဟာ မြန်မာပြည်မှာ တရုတ်ကြီးစိုးနေတာကို တန်ပြန်ဖို့ ရည်ရွယ်တာဖြစ်တယ်လို့ တရုတ်ပညာရှင်အချို့က သုံးသပ်ကြပါတယ်။

တရုတ်ကို ဝိုင်းရံထားဖို့ စည်းရုံးသိမ်းသွင်းတဲ့ အမေရိကန်ရဲ့ အစီအစဉ်ထဲမှာမြန်မာပြည်လည်းပါဝင်နေတာမို့ဗမာစစ်အစိုးရနဲ့ဆက်ဆံဖို့ဆုံးဖြတ်လိုက်တာလို့ တရုတ်ပညာရှင်တွေက မြင်ကြပါတယ်။ အမေရိကန်သမ္မတရဲ့(၁၀)ရက်ကြာအာရှခရီးစဉ်ဟာအမေရိကန်ဩဇာမြှင့်တင်နိုင်ဖို့ ရည်ရွယ်တယ်လို့ တရုတ်သတင်းမီဒီယာတွေမှာ ဖော်ပြကြပါတယ်။ တရုတ်နဲ့ အိမ်နီးချင်းနိုင်ငံတွေအကြား သပ်လျှိုပြီး တရုတ်ပြည်ကိုဝိုင်းရံနေတဲ့ သေနင်္ဂဗျူဟာကို အိုဘားမားအစိုးရကျင့်သုံးနေတယ်လို့ တရုတ်ပညာရှင်အချို့က သုံးသပ်ကြပါတယ်။

ဒါပေမဲ့ တရုတ်-အမေရိကန် ပူးပေါင်းဆောင်ရွက်ရေးကို အဓိကထားနေချိန်မှာ ဒီလိုသုံးသပ်တာမျိုးဟာ ပုံကြီးချဲ့တာသာဖြစ်တယ်လို့ မြင်တဲ့ တရုတ်ပညာရှင်တွေလည်း ရှိကြပါတယ်။

တရုတ်-အမေရိကန်ဆက်ဆံရေးမှာ မြောက်ကိုရီးယားပြဿနာနဲ့နှိုင်းစာရင် မြန်မာ့အရေးဟာ မပြောပလောက်ပါဘူးလို့ဆိုနိုင်ပါတယ်။ အိုဘားမား အစိုးရတက်လာတဲ့ ၂၀၀၉ ခုနှစ်မှာ တရုတ် စိတ်မချမ်းသာဖြစ်မယ့် ကိစ္စတွေကို ရှောင်ရှားနိုင်ခဲ့တဲ့အတွက် တရုတ် -အမေရိကန်ဆက်ဆံရေးဟာ တနှစ်လုံးအဆင်ပြေတယ်လို့ ပြောနိုင်ပါတယ်။လွန်ခဲ့တဲ့နှစ်ကတော့ အမေရိကန်သမ္မတနဲ့ တိဘက် ဘုန်းတော်ကြီး ဒလိုင်လားမား (Dalai Lama) တွေ့ဆုံမှု၊ ထိုင်ဝမ်ကို စစ်လက်နက်ပစ္စည်းတွေရောင်းချမှု၊ မြောက်ကိုရီးယား ပြဿနာကိုင်တွယ်မှုတွေမှာ တရုတ်နဲ့ အမေရိကန်တို့ ထိပ်တိုက်တွေ့ကြပါတယ်။

ဒါပေမဲ့ တရုတ်သမ္မတခရီးစဉ်မှာ အမေရိကန်နဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့တာမို့ တဘက်နဲ့တဘက် ပိုပြီးနားလည်မှုရယူနိုင်ခဲ့ပုံရပါတယ်။ လူ့အခွင့်အရေးကိစ္စမှာတော့ လုပ်စရာတွေ အများကြီးရှိနေတာကို တရုတ်က နားလည်တဲ့အတွက် ဆက်လက်ဆွေးနွေးလိုကြောင်း ပြောပါတယ်။ ဒီလိုကိစ္စတွေမှာ သဘောထားကွဲလွဲတာဟာ တရုတ်-အမေရိကန် ပူးပေါင်းဆောင်ရွက်တာကို အဟန့်အတားမဖြစ်နိုင်ဘူးလို့ အမေရိကန်သမ္မတက ပြောဆိုနေပါတယ်။ တရုတ်နဲ့ အမေရိကန်ဟာ တဦးရည်ရွယ်ချက်ကို တဦးက နားလည်သဘောပေါက်နေပြီဖြစ်လို့အပြန်အလှန်ယုံကြည်ခိုင်မာလာအောင် ဆက်လက်ကြိုးစားလိမ့်မယ်လို့မျှော်လင့်ရပါတယ်။

---

**စာမျက်နှာ ၂၂ မှ**

တရပ်လုံးက ဖြစ်စေချင်တာ၊ လူငယ်တွေနဲ့ဆိုင်တဲ့အတွက် လူငယ်ထုတရပ်လုံးကို သေသေချာချာရှင်းလင်းတင်ပြပြီးမှ ဒီဥပဒေထုတ်သင့်တယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ဘယ်လို ဆက်လုပ်မလဲဆိုတော့ ကျနော်တို့ အခုလက်ရှိ ဗမာပြည်မှာရှိတဲ့ လူငယ်ထုတရပ်လုံးက ကျနော်တို့ အဖွဲ့ချုပ်က ထုတ်ပြန်ထားတဲ့ ဒီစာတမ်းအပေါ်မှာ ယုံကြည်သက်ဝင်လာအောင် ပါဝင်ဆောင်ရွက်လာအောင် လက်ရှိကျနော်တို့ လွှတ်တော် မှာ ပိတ်ဆို့နိုင်အောင်ဆောင်ရွက်သွားမှာပါ။"

အဖွဲ့ချုပ်လူငယ်တွေဟာ လောလောဆယ်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့လမ်းညွှန်ချက်အတိုင်း လူငယ်ကွန်ယက်တခုကို လုပ်ဆောင်နေတယ်လို့သိရပါတယ်။ အဖွဲ့ချုပ်လူငယ်တွေတင်မက ကျောင်းသားလူငယ်၊ လူမှုရေးအသင်းအဖွဲ့လူငယ်စသဖြင့် လူငယ်ထုတွေ စုစည်းနိုင်ဖို့ဆောင်ရွက်နေတယ်လို့ကိုမျိုးညွှန့်ကပြောပြပါတယ်။




# သတင်းပြန်ရှုမယ်

**ဂျန်နဝါရီ ၂၂၊ BKK-AFP ။ ။** မြန်မာသို့ စီးပွားပိတ်ပင်မှုများရုပ်ရန် တောင်းဆိုမှုပိုများလာသော်လည်း လူ့အခွင့်အရေးတိုးတက်မှုမရှိခြင်း၊ ဒေါ်အောင်ဆန်းစုကြည်အားထောက်ခံခြင်းမပြုသ၍ မဖြစ်နိုင်ကြောင်း ။

**ဂျန်နဝါရီ ၂၂၊ BKK ။ ။** မြန်မာသို့ ခိုးဝင်ပြီး ထိုင်းသို့ပြန်ဝင်ခဲ့သူ ဓါတ်ပုံသတင်းထောက် John San Lin (မြန်မာ) နှင့် (Pascal Schatterman(ဘဲလ်ဂျီယံ)တို့အား အမိနိုင်ငံသို့ပြန်နှင်ရန် ထိုင်းတရားရုံးမှဆုံးဖြတ်၏။ ပြန်မနှင်ရန် သတင်းလွတ်လပ်ခွင့်အဖွဲ့ များမှ တောင်းဆို၏။

**ဂျန်နဝါရီ ၂၂၊ BRUSSELS-AP ။** ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများစွာသည် ပြည်သူအားဖိနှိပ်ချုပ်ချယ်သော အစိုးရများ၏မတရားမှုများကို လျစ်လျူရှု၍ ဆက်ဆံရေးတိုးတက်မှုကိုရှေ့ရှုကာ ပစ်တင်ခြင်း၊ အကူအညီရပ်စဲခြင်းများကို မလုပ်ဖြင်းများတွေ့ရကြောင်း Human Rights Watch မှဆို၏။

**ဂျန်နဝါရီ ၂၄၊ t ။ ။** အဲန်အဲလ်ဒီသည် ချင်းပြည်နယ်သို့ ကျပ်သန်း ၃၀ ဘိုး ဆံ သောက်ရေနှင့် ရေပိုက်များ ကူညီနိုင်ခဲ့ကြောင်း။

**ဂျန်နဝါရီ ၂၄၊ DVB ။ ။** မြန်မာတွင် နိုင်ငံရေးအကျဉ်းသားများအား စစ်ဆေးစဥ် အင်ဖီတာမင်မှုးယစ်ဆေးများ အကျွေးခံနေရကြောင်း။

**ဂျန်နဝါရီ ၂၄၊ DVB ။ ။** ဒီကေဘီအေနှင့်တိုက်ပွဲများတွင် မြန်မာစစ်တပ်သည် အကျဉ်းသာများအား မိုင်းရှင်စက်အဖြစ်အသုံးပြုနေကာ ထွက်ပြေးသူများအား သတ်ဖြတ်နေကြောင်း။

**ဂျန်နဝါရီ ၂၄၊ Asian Corespondent ။ ။** မြန်မာအပေါ် ပိတ်ပင်မှုများမရုတ်သိမ်းမီ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ရန်စာရေးသူဇင်လင်းမှ တင်ပြ၏။

**ဂျန်နဝါရီ ၂၄၊ IRIN ။ ။** မြန်မာသို့ အိုဒီအေအကူငွေသည် နာဂစ်အကြိုနှစ်များနှင့် အတူလောက်အထိပြန်နည်းသွား၍ လိုအပ်သူ သန်းချီ၍ စားနပ်ရိက္ခာ၊ ခိုလှုံစရာ မဲ့နေသေးကြောင်း အကူအညီအဖွဲ့များမှ သတိပေး၏။

**ဂျန်နဝါရီ ၂၄၊ RGN ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် နာစေးချောင်းဆိုးဖြစ်ပြီး ပြန်လည်သက်သာလာ၏။

**ဂျန်နဝါရီ ၂၄၊ Asian Correspondent ။ ။** နအဖသည် ပါလီမံစရန်ပြင်နေချိန်တွင် အမေရိကန်သည် မြန်မာအား တွေ့ဆုံဆွေးနွေးရေးပြုရန် တောင်းဆိုသင့်ကြောင်း ဇင်လင်းမှ သတင်းသုံးသပ်တိုက်တွန်း၏။

**ဂျန်နဝါရီ ၂၅၊ CALCUTTA ။ ။** မြန်မာသည် Asian Wings အမည်ရှိ လေကြောင်းသစ် စမည်ဟု Weekly Eleven မှဆို၏။

**ဂျန်နဝါရီ ၂၅၊ AsiaTimes Online ။ ။** မြန်မာတွင် ၁၉၇၃ ရွေးကောက်ပွဲအပြီး၊ ၁၉၇၄ တွင် လူထုအစိုးရသို့ ဟန်ပြပြောင်းခဲ့သည့် လူများမေ့နေသည့်အနိဌာရုံသည် ၂၀၁၀ ရွေးကောက်ပွဲတုအသွင် အမည်သာပြောင်းသည့် မကောင်းဆိုးဝါးစစ်အာဏာရှင် ပြန်လည်အသက်ဝင်လာကြောင်း Bertil Lintner မှသုံးသပ်၏။

**ဂျန်နဝါရီ ၂၅၊ LDN ။ ။** Article ၁၉ အဖွဲ့ သည် မြန်မာအား လူ့ အခွင့်အရေး ဖေါက်ဖျက်မှုများ ရပ်ဆိုင်းရန် တောင်းဆို၏။

**ဂျန်နဝါရီ ၂၅၊ VOA ။ ။** မြန်မာနအဖ၏ ပြည်သူပိုင်လုပ်ငန်းများအား ပုဂ္ဂလိကသို့ ပေးခြင်းသည် ကိုယ့်လူကိုပေးခြင်ဖြစ်ပြီး စစ်တပ်အာဏာတည်ရေးကိုအားပေးကြောင်း ဝေဖန်သူများမှဆို၏။

**ဂျန်နဝါရီ ၂၅၊ CNN ။ ။** မြန်မာမှ ရိုဟင်ဂျာဒုက္ခသည် ၆၇ ဦးထိုင်းသို့ လှေဖြင့် ထပ်မံရောက်ရှိလာကြောင်း။

**ဂျန်နဝါရီ ၂၅၊ Irrawaddy ။ ။** ငွေကြေးမဖူလုံ၍ ဒီဗီဘီသည် မြန်မာအစီအစဉ်များ၊ ဝန်ထမ်းများ လျှော့ရကြောင်း။

**ဂျန်နဝါရီ ၂၆၊ Irrawaddy ။ ။** နအဖနိုင်ငံခြားရေးဝန်ကြီးသည် ဂျနီဗာ ကုလလူ့အခွင့်အရေးအဖွဲ့သို့ မြန်မာလူ့အခွင့်အရေးဆိုင်ရာစာတမ်းတင်သွင်းမည်။

**ဂျန်နဝါရီ ၂၆၊ Mizzima ။ ။** GoldPetrol သည် မြန်မာတွင် ရေနံတူးခြင်းအောင်မြင်နေကြောင်း ထိုဖက်စပ်တွင် ၆၀ ရာနှုန်း မြှုပ်နှံမှုပါဝင်သော စင်ကာပူအခြေစိုက် Interra Resources မှ ဆို၏။

**ဂျန်နဝါရီ ၂၆၊ DVB ။ ။** ဂျပန်ကားလုပ်ငန်းများသည် မြန်မာတွင် ကားထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့ပို့ခြင်းဈေးကွက်များအား လေ့လာနေကြောင်း။

**ဂျန်နဝါရီ ၂၆၊ DVB ။ ။** ထားဝယ်ဆိပ်ကမ်း စီမံကိန်းကြောင့် မြေဈေးများ တက်နေကြောင်း။

**ဂျန်နဝါရီ ၂၆၊ Asian Correspondent/ Kachin News Group ။ ။** KIO နှင့် ပြည်ပအခြေစိုက် KNO ကချင်ခေါင်းဆောင်များသည် မိမိတို့ ကချင်နှင့် ပြည်ထောင်စုတိုင်းရင်းသားများ၏အကျိုးအတွက် ညီညွတ်စွာ ကြိုးပမ်းရန် ထိုင်းနယ်စပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုး၏။

**ဂျန်နဝါရီ ၂၆၊ Jakarta Post ။ ။** မြန်မာနှင့် ကိုရီးယားပြသနာများတွင် အာဆီယံသည် ပိုမိုထိရောက်အရေးပါသောနေရာမှ လှုပ်ရှားသင့်ကြောင်း အမေရိကန်မှ တိုက်တွန်းကြောင်း။

**ဂျန်နဝါရီ ၂၆၊ Nation ။ ။** မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုတို့မှ ထိုင်းတွင် အလုပ်လုပ်ကိုင်သူ ၄ သောင်းအနက် တသောင်းကျော်သာ ဂျန်နဝါရီ ၂၀ တွင် ရက်စေ့နေ့တွင် သက်တမ်းတိုးခဲ့ကြောင်း။

**ဂျန်နဝါရီ ၂၆၊ Irrawaddy ။ ။** မြန်မာပြည်တွင် ကြားဖြတ်အစိုးရထားရှိမည်မဟုတ်ဘဲ အာဏာကို တိုက်ရိုက်လွှဲပြောင်းမည်ဟု အနောက်နိုင်ငံများမှ နာမည်ပျက်စာရင်းတင်ထားသူ အမတ် ဇော်မင်းဦးခင်ရွှေ(ကြံ့ဖွံ့ ) မှ ရေဝတီမေးမြန်းချက်တွင် ဖြေ ဆို၏။

**ဂျန်နဝါရီ ၂၇၊ AP ။ ။** နေပြည်တော်လွှတ်တော်တွင် နအဖ ၂၀၁၀ ရွေးကောက်ပွဲမှ အမတ်လောင်းများ သည် တာဝန်စယူရန် ဂျန်နဝါရီ ၃၁ တွင် ကျမ်းသစ္စာခံယူမည်ဟု မြန်မာအလင်းမှဆို၏

**ဂျန်နဝါရီ ၂၇၊ GENEVA ။ ။** မြန်မာအား ယနေ့ပြုလုပ်သော လူ့အခွင့်အရေးကောင်စီမှ စစ်မှန်သော ဒီမိုကရေစီရရေးသို့ ဦးတည်ရန် ထပ်မံဖိအားပေးခံရ၏။ မြန်မာ၏လူ့အခွင့်အရေးဖေါက်ဖျက်မှုများသည် ထိတ်လန့်ဖွယ်ဖြစ်အောင်ဆိုးရွားကြောင်း ဆွီဒင်မှဆို၏။

**ဂျန်နဝါရီ ၂၇၊ Mizzima ။ ။** နိုင်ငံရေးအကျဉ်းကျနေသူ ဦးအောင်ကျော်ဆန်း( မြန်မာထရိုပြူးန်)၊ ဒေါက်တာနေဝင်း (တိမွေးကု) ၊ ဘုန်းပြည့်ကျော်တို့သည် ယနေ့နှစ်စေ့၍ လွှတ်လာကြောင်း။

**စာမျက်နှာ ၁၃ သို့**

# အဖွဲ့ချုပ်က ချင်းတောင်တန်း ကူညီထောက်ပံ့ရေးလုပ်ငန်းများ စတင်လုပ်ဆောင်

**DVB ၊ ဂျန်နဝါရီ ၂၄ ။** ။ စားနပ်ရိက္ခာနဲ့ သောက်သုံးရေအခက်အခဲဖြစ်နေတဲ့ ချင်းပြည်နယ်အတွင်းက ဒေသတွေဆီကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေ နှစ်သုတ်ခွဲ သွားရောက်ပြီး အကူညီပေးရေးလုပ်ငန်းတွေစတင်ဆောင်ရွက်နေပြီလို့ သိရပါတယ်။

ကြွက်တွေရဲ့ ဖျက်ဆီးမှုကြောင့် အစားအစာရှားပါးမှုဖြစ်နေတဲ့ ကန်ပက်လက်ဒေသကို ရန်ကုန်တိုင်းအဖွဲ့ချုပ်စည်းအဖွဲ့ဝင်ဦးအောင်မြင့် (ဖျာပုံနိုလုံဦး)နဲ့ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဒေါက်တာစောနိုင်တို့ဦးဆောင်သွားတာ ဖြစ်ပြီး သောက်သုံးရေ အခက်အခဲဖြစ်နေတဲ့ ဖလမ်းဒေသကိုတော့ အဖွဲ့ချုပ်ဝင်တွေနဲ့အတူ ဒီမိုကရက်တစ်ပါတီနဲ့ ဗိုမီးကွန်ကရက်တို့က အဖွဲ့ဝင်တွေလည်း လိုက်ပါသွားတယ်လို့သိရပါတယ်။ ကန်ပက်လက်ဒေသ အတွက် ဆန်အိတ် ၁၂၀၀ ဝေပေးရေးအစီအစဉ်နဲ့ ပတ်သက်ပြီး ဦးအုန်းကြိုင်က အခုလို ပြောပြပါတယ်။

“ရောက်နေပါပြီ။ နက်ဖြန်ခါကို ဆန်ဝေမှာပါ။ ဒီနေ့လည်း ဆန်အိတ် ၇၀၀ ကျော်ရောက်နေပါပြီ၊ နောက်ထပ် ၅၅၀ က နက်ဖြန် သဘက်ခါကို ချောက်ကနေ သယ်ပို့မှာပါ။။ ဒါပေမယ့် ဒီနေ့ သက်ဆိုင်ရာ မဝတာကနေပြီးတော့ မနေက သူတို့ကိုဝေမယ့် ရွာတွေနဲ့လူစာရင်းကို ပြုစုပေးဖို့တောင်းပါတယ်။ ကျနော်တို့ကပြုစုပေးလိုက်ပါပြီ။ အဲဒါကို သူတို့က နက်ဖြန်ခါကို ဝေနိုင်ပြီလို့ပြောပါတယ်။”

ဖလမ်းဒေသ သောက်သုံးရေ ရရှိရေးဆောင်ရွက်ပေးဖို့ သွားနေတဲ့ ချင်းပြည်နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘန်လျံ ဦးဆောင်တဲ့အဖွဲ့ကတော့ အစီစဉ် ၂ ခု ဆောင်ရွက်ပေးမှာ ဖြစ်တယ်လို့လည်း ဦးအုန်းကြိုင်က အခုလို ပြောပါတယ်။

“သူတို့ရဲ့ အဓိက ရည်ရွယ်ချက် ၂ ခုမှာ တခုက ထန်တလျံမြို့နယ် အိန္ဒိယနယ်စပ် သွင်တူဆိုတဲ့ ချောင်းကမ်းနံဘေးမှာရှိတဲ့ ရွာကြီး ၂ ရွာ ရှိပါတယ်။ ဂူဟန်းဆိုတဲ့ရွာပေါ့။ အဲဒီရွာဘက်ကမ်း ၂ ရွာမှာ လူဦးရေ ၇၅၀ လောက် စားဖို့ သောက်ဖို့ အခက်အခဲဖြစ်နေတယ်လို့ ကျနော်တို့ ပြည်နယ်က သတင်းရရှိတဲ့ အတွက်ကြောင့် အဲဒီလူဦးရေ ၇၅၀ ကို ဆန် သိန်းသုံးဆယ်ကျော်ဖိုးလောက် သွားပြီးဝေငှပေးမှာဖြစ်ပါတယ်။ နောက်တခုက ဖလမ်းမြို့မှာ ရပ်ကွက်ကြီး တကွက်မှာ ဆင်းရဲသားများတယ်လို့ပြောပါတယ်၊ အဲဒီရပ်ကွက်မှာ သောက်သုံးရေ အခက်အခဲဖြစ်နေပါတယ်။ အဲဒါကြောင့် ဖလမ်းမြို့နဲ့ခြောက်မိုင်လောက် အကွာမှာရှိတဲ့ရေထွက်စမ်းကနေ ရေသွယ်ပြီးတော့ အဲဒီရပ်ကွက် အရောက် ရေကန်ထဲကို ထည့်ပြီးတော့ သောက်ရေဖူလုံအောင် စီစဉ်ပေးဖို့ အဲဒါလည်း သိန်း ၆၀ ကျော်လောက်အကုန်ခံပြီးတော့ ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်၊ အဲဒါကို ဆောင်ရွက်ဖို့အဲဒီအဖွဲ့က သွားတာပါ။”

အဖွဲ့ချုပ်နဲ့သက်ဆိုင်တဲ့ သတင်းကိုဆက်ပြောရရင် ဒီကနေ့အဖွဲ့ချုပ်ရုံးချုပ်မှာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးလုပ်ပြီး ပြည်ထောင်စုနေ့ကျင်းပရေးနဲ့ အဲဒီနေ့မှာ နိုင်ငံရေးကြေညာချက်ထုတ်ပြန်ဖို့ ဆွေးနွေးခဲ့ကြတယ်လို့သိရပါတယ်။ အဖွဲ့ချုပ်လူငယ်တွေကလည်း ပြည်ထောင်စုနေ့အထိမ်းအမှတ်နံရံကပ်စာစောင်ထုတ်ဖို့နဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ကျူးတဲ့ အနုပညာ ဖျော်ဖြေရေးအစီအစဉ်အတွက် ပြင်ဆင်နေကြတယ်လို့လည်း ဦးအုန်းကြိုင်က ပြောပါတယ်။

# မြန်မာအလုပ်သမားတွေ ဆန္ဒပြနေ

**RFA၊ဂျန်နဝါရီ ၂၄။** ။ဗန်ကောက်မြို့အနောက်ဘက် ကီလိုမီတာ ၁၀၀ အကွာမှာရှိတဲ့ ရတ်ချ်ဘူရီ မြို့နယ် ဘန့် ခရာ V&K နာနတ်သီးစက်ရုံက မြန်မာအလုပ်သမားတစ်ထောင်ခန့် ၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရမှုတွေနဲ့ ၊ ထိုင်းအလုပ်သမားအချို့ရဲ့ အနိုင်ကျင့်ခံရမှုတွေကြောင့် အလုပ်မဆင်းပဲ ဆန္ဒပြနေကြကြောင်း အလုပ်သမားတစ်ဦးက ပြောပါတယ်။

မနေ့က ဈေးသွားဝယ်တဲ့ မြန်မာအလုပ်သမားတစ်ဦးကို ထိုင်း အလုပ်သမားနှစ်ဦးက အကြောင်းမဲ့ ရိုက်နက်စဉ် ဖြန်ဖြေဖို့သွားတဲ့ မြန်မာအလုပ်သမားခေါင်းဆောင်နဲ့ အခြေအတင်ဖြစ်ကြရာက ပြဿနာစတင် ဖြစ်ပွားခဲ့တာအပြင် ထိုင်းအလုပ်သမား ခေါင်းဆောင်တွေရဲ့ခေါင်းပုံဖြတ်မှုကို မခံနိုင်တဲ့အတွက် ဆန္ဒပြခဲ့ကြတာဖြစ်ကြောင်း သိရပါတယ်။

အလုပ်ရှင်က တိုင်တန်းခဲ့လို့ နေ့လည်ပိုင်းမှာ ထိုင်းရဲ၊ စစ်တပ်နှင့် လူဝင်မှု ကြီးကြပ်ရေးတို့ စုစုပေါင်း ကားအစီး ၂၀ ခန့် ရောက်ရှိလာခဲ့ပြီး လက်နက်ကိုင် စစ်သား ၃၀ ခန့်က ဝိုင်းထားခဲ့တယ်လို့ ဆိုပါတယ်။

အလုပ်သမားတွေက ထိုင်း လူမျိုးတွေနဲ့ မြန်မာအလုပ်သမားတွေ ခြံဝင်းတခုတည်းမှာ အတူမထားဖို့၊ တစ်နေ့လုပ်အားခ ၁၈၀ ဘတ်ပေးဖို့ ၊ ငွေစာရင်းရှင်းတမ်းစာရွက် (ဘောင်ချာ) ရေးပေးဖို့ ၊ တာဝန်ရှိ အလုပ်ကြပ်နဲ့အလုပ်ရုံ အစောင့်တွေရဲ့ ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုတွေကို ရပ်တန့် ဖို့ ၊ အလုပ်သမားတွေရဲ့ ကျန်းမာရေး၊နေထိုင်ရေးအတွက် အလုပ်ရှင်က တာဝန်ယူပေးဖို့စတဲ့ အချက်အလက်တွေကို တောင်းဆိုခဲ့ကြကြောင်း သိရပါတယ်။

အလုပ်ရှင်ဘက်က ၁၀ ဦး၊ အလုပ်သမား ခေါင်းဆောင် ၁၀ ဦးနဲ့ လဝက ရဲနှင့် ထိုင်းစစ်တပ် အရာရှိများ ညှိနှိုင်းဆဲလို့ သိရပါတယ်။

# ရိုဟင်ဂျာများကို ဖမ်းဆီးပြီး ပြန်ပို့

**DVB ၊ ဂျန်နဝါရီ ၂၄ ။** ။ ထိုင်းနိုင်ငံတောင်ပိုင်း ကမ်းခြေကို ရောက်လာတဲ့ လှေစီးရိုဟင်ဂျာ ၉၁ ယောက်ကို ထိုင်းအာဏာပိုင်တွေက ဖမ်းဆီးပြီး မြန်မာနိုင်ငံ ပြန်ပို့မယ်လို့ သိရပါတယ်။

ဒီလူတွေအားလုံးဟာ အမျိုးသားတွေဖြစ်ပြီး မြန်မာနိုင်ငံကနေ မလေးရှားကိုအသွား စက်လှေပျက်ပြီး စွန်ခရခရိုင်က ကမ်းခြေတခုဆီမှာ ဆိုက်ကပ်စဉ် ဇန်န ဝါရီ ၂၂ ရက်နေ့ ညနေမှာ ဖမ်းမိတာဖြစ်တယ်လို့ ဆွန်ခလာခရိုင် လူဝင်မှုကြီးကြပ်ရေး ရဲမှူးကြီးကပြောပါတယ်။ သူတို့ ၉၁ ဦးကို ထိမ်းသိမ်းထားတဲ့ ကန်တန်မြို့နယ်မှ ရဲအရာရှိကတော့ သူတို့ကို အစားအစာနဲ့ သောက်ရေအပါဝင် အခြေခံလိုအပ်ချက်တွေ ကူညီပေးထားတယ်လို့ဆိုပါတယ်။ ဒါပေမယ့် သူတို့ဟာ တရားမဝင် နိုင်ငံခိုးဝင်လာသူတွေဖြစ်တဲ့အတွက် ဥပဒေအတိုင်း ဆက်လုပ်မည်ဖြစ်ပြီး တရက်နှစ်ရက်အတွင်း မြန်မာနိုင်ငံဘက် ပြန်ပို့မယ်လို့ ဆွန်ခလာခရိုင် လူဝင်မှုကြီးကြပ်ရေး ရဲမှူးကြီးက ပြောပါတယ်။

မြန်မာအစိုးရဟာ ရိုဟင်ဂျာတွေကို နိုင်ငံသားအဖြစ်ရော ပစ္စည်းပိုင်ဆိုင်ခွင့်တွေပါ အသိအမှတ်ပြုဖို့ ငြင်းဆိုထားတာပါတယ်။ ဒါကြောင့် ရိုဟင်ဂျာတချို့ဟာ မြန်မာနိုင်ငံကနေ ထွက်ပြေးနေပြီး အခု အဖမ်းခံရတဲ့ လမ်းကြောင်းဟာလည်း အရဆကသအဲကလမ်းကြောင်းတခု ဖြစ်လာနေပါတယ်။ ပြီးခဲ့တဲ့ နှစ်အတွင်း အလားတူဖမ်းမိတဲ့ ရိုဟင်ဂျာတွေကို ထိုင်းရေတပ်က ကူညီစောင့်ရှောက်မှုမပေးဘဲ ပင်လယ်ထဲ ပြန်မျှောလိုက်တဲ့အတွက် လူ့အခွင့်အရေးလှုပ်ရှားသူတွေရဲ့ ဝေဖန်ပြစ်တင်ခြင်းကို ခံခဲ့ရဖူးပါတယ်။



# သတင်းတိုထွာဖတ်စရာ

## နအဖ-ဒီကေဘီအေတိုက်ပွဲ

နယ်ခြားစောင့်တပ်အဖြစ်ပြောင်းဖို့လက်မခံတဲ့ဒီကေဘီအေထဲ က တပ်ဖွဲ့ဝင်တချို့နဲ့အေဘီအက်စ်ဒီအက်ဖ် ကျောင်းသားတပ်မတော်တို့ရဲ့ပူးပေါင်းတပ်ဖွဲ့တွေနဲ့နအဖစစ်တပ်အကြားတိုက်ပွဲတွေဟာ အခုထိဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး ထိုင်းနယ်စပ်နဲ့ပိုမိုနီးကပ်တဲ့နေရာအထိ ရောက်လာတယ်လို့ သိရပါတယ်။ တိုက်ပွဲဖြစ်နေတာတွေကို မဲဆောက်ခရိုင်ဖုံဖရာဒေသကတောင်မြင်တွေ့နိုင်တယ်လို့ဆိုပါတယ်။ (NETWORK NEWS, 24.1.2011)

## အဲန်အဲလ်ဒီအင်တာနက်စာမျက်နှာ

အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် ရေးဆွဲထားတဲ့ အဲန်အဲလ်ဒီရဲ့အင်တာနက်စာမျက်နှာကို ဇန်နဝါရီ ၃၀ ရက်နေ့ စတင်ဖွင့်လှစ်လိုက်ပြီလို့သိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က သူမတို့အဖွဲ့ရဲ့ရည်မှန်းချက်ဖြစ်တဲ့ မြန်မာပြည်ဒီမိုကရေစီ ထွန်းကားရေးကို လျင်မြန်တဲ့နှုန်းနဲ့သွားနိုင်အောင် အထောက်အကူဖြစ်စေလိမ့်မယ်လို့ ဆိုပါတယ်။မီဒီယာနဲ့ဆက်သွယ်ရေးနယ်ပယ်ကို တင်းကျပ်စွာထိန်းချုပ်ထား တယ် လို့နာမည်ကြီးနေတဲ့ နအဖစစ်အာဏာရှင်တွေရဲ့ တုံ့ပြန်မှု ဘယ်လိုဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ။ (AP, VOB, 30.1.2011)

## အထူးစီးပွားရေးဇုံဥပဒေ

နအဖက အထူးစီးပွားရေးဇုံဥပဒေဆိုပြီး ဥပဒေတရပ်ကို ထုတ်ပြန်လိုက်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆွဲဆောင်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်မှာနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို စတင်လက်ခံခဲ့ပြီး ၂၃ နှစ်အကြာ အခုလိုမျိုး ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ (PROPLE'S DAILY, 28.1.2011)

## သတိနဲ့ရင်းနှီးမြှုပ်နှံပါ

ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့ ကမ္ဘာ့စီးပွားရေး ဖိုရမ်ဆွေးနွေးပွဲသို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပေးပို့လိုက်တဲ့ နှုတ်ခွန်းဆက်စကားမှာ ဆင်းရဲပြီးအထီးကျန်ဖြစ်နေတဲ့မြန်မာနိုင်ငံကိုလာရောက် ရင်းနှီးမြှုပ်နှံကြဖို့ဖိတ်ခေါ်လိုက်ပါတယ်။ ဒါပေမဲ့လည်းသတိထားဖို့ပြောပါတယ်။နိုင်ငံရေးပြဿနာတွေကြောင့်နှစ်ပေါင်း ၅၀ ကျော် နိုင်ငံ တကာအသိုင်းအဝိုင်းနဲ့အလှမ်းဝေးနေရတာကြောင့် အခွင့်အလမ်းတွေ အများကြီးဆုံးရှုံးခဲ့ကြရ တယ်လို့လည်းဆိုပါတယ်။ (AP, 28.1.2011)

## တောထဲပုန်းနေရသူများ

ထိုင်းမြန်မာနယ်စပ်အနီးမှာ နအဖစစ်တပ်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေအကြား တိုက်ပွဲတွေဖြစ်ပွားနေတဲ့အတွက် ဒေသခံပြည်သူတွေဟာ သူတို့တတွေရဲ့ရွာတွေမှာ မနေနိုင်ပဲတောထဲမှာပုန်းအောင်းနေထိုင်နေကြရတယ်လို့သိရပါတယ်။ ကျေးလက်ပြည်သူတွေရဲ့ကျန်းမာရေးကို ပြုစုစောင့်ရှောက်ပေးနေတဲ့ နယ်လှည့်ကျောပိုးအိပ်ဆေးကုသရေးအဖွဲ့ရဲ့ပြောပြချက်အရပြည်သူတ သောင်းလောက်ဟာ တည်ငြိမ်မှုမရှိတာကြောင့်တော ထဲ မှာပုန်းအောင်းနေထိုင်နေကြရတယ်လို့ ဆိုပါတယ်။ (IRIN, 25.1.2011)

## မြန်မာ့ကျေးလက်ကျန်းမာရေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်ရဲ့ ထုတ်ပြန်ကြေညာချက်အရ မြန်မာနိုင်ငံဟာ ဆေးဘက်ဆိုင်ရာဝန်ထမ်းမလုံလောက်မှုကို ဆိုးဆိုးရွားရွားကြုံနေရတဲ့ နိုင်ငံပေါင်း၅၇ နိုင်ငံထဲမှာ တနိုင်ငံအပါအဝင်ဖြစ်တယ်လို့သိရပါတယ်။ လူ တသောင်းမှာ ဆေးဘက်ဆိုင်ရာဝန်ထမ်း ၂၃ ဦးနှုန်းတောင်မပြည့်ပါဘူး။ နိုင်ငံ့လူဦးရေ ၅၈ သန်းရဲ့ ၇၀%ဟာ ကျေးလက်ဒေသမှာ နေထိုင်နေကြပြီး ကျေးရွာတွေမှာ အခြေခံကျန်းမာရေးပြုစုစောင့်ရှောက်မှုမရှိဘူးလို့ဆိုထားပါတယ်။ နအဖကတော့ ကျေးရွာပေါင်း ၆၅၀၀၀ အတွက်ဆေးဝါးကုသပြုစုစောင့်ရှောက်မှုပေးနိုင်တဲ့ ကျန်းမာရေးဌာန ၁၅၀၄ ခုရှိတယ်လို့ ၂၀၁၀ ခုနှစ် ကျန်းမာရေးအစီရင်ခံစာမှာဆိုထားပါတယ်။ (IRIN, 28.1.2011)

## ဒဏ်ခတ်ပိတ်ဆို့မှုအဆုံးသတ်ရေး

နအဖစစ်အာဏာရှင်တွေရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းတွေကြောင့် အနောက်နိုင်ငံတွေရဲ့ဒဏ်ခတ်ပိတ်ဆို့မှု အဆုံးသတ် ရေးအတွက်ဖိအားပေးမှုတွေ တိုးတက်လာနေပါတယ်။ နအဖ က ဒေါ်စုနဲ့ဒီမိုကရေစီအင်အားစုတွေရဲ့ပြောဆို လုပ်ကိုင် တာတွေကြောင့် ဒဏ်ခတ်ပိတ်ဆို့မှုများဖြစ်ရတယ်လို့ဆိုနေပါတယ်။ အမေရိကန်ကတော့ သူ့ရဲ့နိုင်ငံခြားရေးမူဝါဒမှာ လူ့အခွင့်အရေးဟာအရေး ကြီးဆုံးရှေ့တန်းနေရာမှာ ရှိနေဆဲလို့ဆိုပါတယ်။ နအဖရဲ့လုပ်ရပ်တွေကိုပြုပြင်မှသာပိတ်ဆို့မှုတွေအဆုံးသတ်မှာဖြစ်ပါတယ်။(AFP, 22.1.2011)

# ၂၀၁၁ လွှတ်တော်ကနေ မြန်မာ့အကျပ်အတည်းတွေကို ဖြေရှင်းနိုင်မည်မဟုတ်

**VOA ၊ ဂျန်နဝါရီ ၃၀ ။** ။ မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့ နိုဝင်ဘာလ ရွေးကောက်ပွဲရလဒ်ပေါ် အခြေခံတဲ့ ပထမဆုံးအကြိမ် လွှတ်တော်အစည်းအဝေးတွေကို ဒီကနေ့ နေပြည်တော်မှာ စတင်ကျင်းပမှာ ဖြစ်ပေမဲ့ မြန်မာစစ်အစိုးရ ဦးဆောင်တဲ့ အခုလွှတ်တော်သစ်ကနေ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ကြဉ်းနိုင်မှာ မဟုတ်သလိုမြန်မာ့နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူးလို့ နယူးယောက်မြို့မှာ အခြေစိုက်တဲ့ မြန်မာ့ရန်ပုံငွေအဖွဲ့ (The Burma Fund) က ထောက်ပြလိုက်ပါတယ်။ မြန်မာနိုင်ငံတွင်း ပြီးခဲ့တဲ့ ရွေးကောက်ပွဲကာလတွေအတွင်း မဲမသမာမှုတွေနဲ့အကြမ်းဖက် ကန့်သတ်ချုပ်ချယ်မှုတွေအပါအဝင် မြန်မာစစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ပတ်သက်လို့ ပြည်တွင်းပြည်ပနိုင်ငံရေး အဖွဲ့အစည်းတွေနဲ့ သတင်းမီဒီယာတွေကနေ တလျှောက်လုံး တင်ပြလာခဲ့တဲ့ အချက်အလက်တွေကို စုစည်းပြီး လေ့လာသုံးသပ်တင်ပြထားတဲ့ အစီရင်ခံစာတစောင်ကို The Burma Fund အဖွဲ့က မနေ့ကပဲ ထုတ်ပြန်လိုက်တာပါ။ အပြည့်အစုံကို မခင်ဖြူထွေးက တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံမှာ အဓိကကျတဲ့ အမျိုးသားနိုင်ငံရေးပြဿနာကို မဖြေရှင်းရသေးဘဲနဲ့ အခုလို လွှတ်တော်ခေါ်ယူတာဟာ တကယ်စစ်မှန်တဲ့ ဒီမိုကရေစီရေး အသွင်ကူးပြောင်းမှုကို ဦးတည်တာမဟုတ်ဘူးလို့ အစီရင်ခံစာ ထုတ်ဝေတဲ့ The Burma Fund အဖွဲ့တာဝန်ခံဒေါက်တာသောင်းထွန်းက ပြောပါတယ်။

"ဒီနေ့မှာ ပြည်သူ့လွှတ်တော် ပထမဆုံး အစည်းအဝေး ကျင်းပတာဖြစ်ပေမဲ့ ဒါဟာ မြန်မာနိုင်ငံရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အဖြေ မဟုတ်သေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဟာ စကတည်းက နအဖကနေပြီးတော့ စွက်ဖက်မှုတွေ၊ ကန့်သတ်မှုတွေရှိခဲ့တယ်။ ရွေးကောက်ပွဲ ကော်မရှင်ကလည်းတကယ့်ကို လွတ်လပ်တဲ့ ရွေးကောက်ပွဲကော်မရှင်မဟုတ်ဘဲနဲ့ ဒီကနေ့ဆိုရင် ရွေးကောက်ပွဲ မသမာမှုတွေနဲ့ပတ်သက်လို့ တိုင်ကြားချက်တွေ၊ နိုင်ငံရေးပါတီတွေက နေပြီးတော့ စွပ်စွဲမှုတွေကို လုံးဝကျေကျေလည်လည် မဖြေရှင်းရသေးဘဲနဲ့ ဒီပြည်သူ့လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပတာ ဖြစ်ပါတယ်။"

အမျိုးသားရေးပြဿနာကို တကယ်တမ်း ဖြေရှင်းဖို့ဆိုရင်မြန်မာစစ်အစိုးရအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးပြီး နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာပါဝင်လှုပ်ရှားခွင့်ပြုရမှာဖြစ်သလိုတိုင်းရင်းသားဒေသတွေက တင်းမာမှုတွေကို ရပ်ဆိုင်းရမှာဖြစ်တယ်၊ နိုင်ငံရေးအင်အားစုတွေအကြား တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဖို့လိုတယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကိုလည်း နိုင်ငံရေးပါတီအဖြစ် ဆက်လက်အသိအမှတ်ပြုပြီး ပြည်သူ့အကျိုးဆောင်ရွက်ခွင့်ပေးရမှာဖြစ်တယ်လို့လည်း ဒေါက်တာသောင်းထွန်းက ထောက်ပြခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ ပြဿနာဟာ မြန်မာ့နယ်နိမိတ် အတွင်းမှာတင်ပြီးသွားမှာ မဟုတ်ဘူးဆိုတာကို အိမ်နီးချင်း နိုင်ငံတွေက နားလည်ပြီး မြန်မာ့အရေးကို ကူညီဆောင်ရွက်သင့်တယ်လို့လည်း ဒေါက်တာသောင်းထွန်းက ပြောပါတယ်။

"ကျနော်တို့ တင်ပြတဲ့ အချက်အလက်တွေဟာ သေသေချာချာ သုတေသနပြုလုပ်ထားတဲ့ အချက်အလက်တွေဖြစ်တယ်။ ဒါကြောင့် ရွေးကောက်ပွဲဟာ ဘယ်လိုမှ လွတ်လပ်ပြီး တရားမျှတမှုမရှိဘူးဆိုတဲ့အခြေခံပေါ်မှာ အိမ်နီးချင်းနိုင်ငံတွေကပါ မငြင်းပယ်နိုင်တဲ့အနေအထားဖြစ်ပါတယ်။ ဒီမိုကရေစီရေးအသွင်ကူးပြောင်းမှုဆိုတာရွေးကောက်ပွဲ တခု ကျင်းပရုံနဲ့ မလုံလောက်ပါဘူး။ တကယ့် အသွင်ကူးပြောင်းမှုဒီမိုကရေစီရေးအခြေခံအုတ်မြစ်ကို ချမှတ်နိုင်မယ့် နိုင်ငံရေးပတ်ဝန်းကျင်တွေကိုလည်း ဖန်တီးဖို့လိုပါတယ်။

"ဒါကို ဂရုမစိုက်ဘူးဆိုရင် ဗမာနိုင်ငံရဲ့ပြဿနာဟာ ဗမာနယ်နိမိတ်မှာတင် ရပ်သွားမှာမဟုတ်ဘဲနဲ့ အိမ်နီးချင်းနိုင်ငံများကို ထိခိုက်မယ့်အနေအထားတွေရှိတယ်။ ပြည်တွင်းမှာနိုင်ငံရေးတင်းမာမှုတွေ၊ အုံကြွမှုတွေအတွက် ဖြစ်လာမယ့် အနေအထားတွေကို လျစ်လျူမရှုနိုင်သလိုတိုင်းရင်းသားဒေသတွေမှာစစ်ရေးအရတင်းမာမှုအပေါ်မှာလည်း ပြည်တွင်းစစ်ပြန်လည်ဖြစ်ပေါ်လာနိုင်တယ်၊ ဒုက္ခသည်ပြဿနာတွေ ပိုပြီးကြီးထွားလာနိုင်တယ်။ ဒီအခြေခံတွေအပေါ်မှာ စဉ်းစားပြီးတော့ အိမ်နီးချင်းနိုင်ငံတွေအနေနဲ့ ကုလသမဂ္ဂနဲ့ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ပြီးတော့နိုင်ငံရေးအဖြေရှာဖို့ကျနော်တို့မျှော်လင့်ပါတယ်။"

The Burma Fund အဖွဲ့ တာဝန်ခံ ဒေါက်တာသောင်းထွန်းပြောပြသွားတာဖြစ်ပါတယ်။

မြန်မာစစ်အစိုးရ ရွေးကောက်ပွဲနဲ့လွှတ်တော်သစ် ခေါ်ယူမှုတွေကို အထူးသဖြင့် ကုလသမဂ္ဂနဲ့ မြန်မာ့အိမ်နီးချင်း အာရှနိုင်ငံတွေက ယတိပြတ် ငြင်းဆိုထားတာမရှိပါဘူး။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်ဖို့မှာ ရွေးကောက်ပွဲနဲ့ လွှတ်တော်သစ်တွေ ခေါ်ယူပေးရုံနဲ့ မလုံလောက်ဘူးဆိုတာကို နိုင်ငံတကာက နားလည်ရမှာဖြစ်တယ်လို့ အစီရင်ခံစာမှာထောက်ပြထားပါတယ်။

ကုလသမဂ္ဂအနေနဲ့ မြန်မာ့အရေးကို ထိထိထိရောက်ရောက် အာရုံစိုက်ဆောင်ရွက်နိုင်ဖို့အတွက် အချိန်ပြည့် တာဝန်ထမ်းဆောင်မယ့် အတွင်းရေးမှူးချုပ် Ban Ki-moon ရဲ့ ကိုယ်စား လှယ်တဦးခန့်အပ်ဖို့နဲ့ မစ္စတာဘန်ကီမွန်းရဲ့ မြန်မာနိုင်ငံမိတ်ဆွေများအဖွဲ့အဆင့်မြင့် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးတရပ်ကို အရှေ့တောင်အာရှဒေသအတွင်းမှာ ကျင်းပပေးဖို့ကိုလည်း အစီရင်ခံစာထဲမှာတိုက်တွန်းထားပါတယ်။

---

## ကွန်ကရစ်လမ်းပေါ်ကံဆိုးသူများ

ရန်ကုန်မှ ကြပ်ပြေးနေပြည်တော်သွား မော်တော်ကားတစင်းလမ်းမှာတိမ်းမှောက်ခဲ့လို့ ဂျပန်လူမျိုး သွားဆရာဝန်တဦးနဲ့ အတူမြန်မာအရာရှိ ၃ ဦး သေဆုံးသွားတယ်လို့ သိရပါတယ်။ နအဖက ဝင့်ကြွားစွာပြောဆိုနေတဲ့ ကွန်ကရစ်ခင်းအဝေးပြေးလမ်းမကြီးဟာ မော်တော်ကားတာယာတွေလျင်မြန်စွာပျက်စီးနိုင်တဲ့လမ်းဖြစ်ပြီးအရှိန်မြှင့်မောင်းမှုတွေကြောင့် ကားမှောက်တာတွေ မကြာခဏဆိုသလိုဖြစ်လေ့ရှိပါတယ်။ အဲဒီသွားဆရာဝန်ဟာ နအဖရဲ့ထိပ်ပိုင်းအရာ ရှိကြီးတွေကို ကုသမှုပေးဖို့သွားတာလို့ သိရပါတယ်။ (JAPAN TIMES, 24. 1.2011)

# စစ်ဖက်အရာရှိငယ်များကို အရပ်သားဝန်ထမ်းအဖြစ် ရွှေ့ပြောင်း

**DVB ၊ ဂျန်နဝါရီ ၂၄ ။** ။ တပ်မတော်က စစ်ဖက်အရာရှိငယ်တွေကို အရပ်ဖက်ဝန်ထမ်းအဖြစ် ပြောင်းရွှေ့ခန့်အပ်တာတွေ ရှိနေတယ်လို့ စုံးစမ်းသိရပါတယ်။ စစ်ဖက်အရာရှိငယ်တွေကို အရပ်သားဝန်ထမ်းအဖြစ် အစားထိုးပြောင်းရွှေ့ နေတာဟာ ၂၀၁၀ နိုဝင်ဘာလကတည်းက စတင်ခဲ့တာလို့ နေပြည်တော် စစ်တပ် အသိုင်းအဝိုင်းကနေ သိရပါတယ်။

တပ်မတော်ကနေ စစ်မှုထမ်းအရာရှိငယ် ၁၇၀၀ နီးပါးဟာ အရပ်ဖက်ဌာနဆိုင်ရာရုံးတွေကို အရပ်သားဝန်ထမ်းအဖြစ် ပြောင်းရွှေ့ခဲ့ပြီးပြီလို့ သိရပါတယ်။ အခုလိုအရပ်ဖက်ကို ပြောင်းရွှေ့တာဟာ စစ်တပ်က လေ့ကျင့်ပေးထားတဲ့ အရာရှိငယ်တွေကို ဌာနဆိုင်ရာရုံးတွေမှာ ပြောင်းရွှေ့စေပြီး အရပ်သားအမှုထမ်းအစား စစ်ဖက်က လူတွေနဲ့အစားထိုး တာဝန်ထမ်းဆောင်ခိုင်းတာပါလို့ ဌာနဆိုင်ရာဝန်ထမ်းတဦးက ဒီဗွီဘီကို ပြောဆိုပါတယ်။

"ဆက်သွယ်ရေးဝန်ကြီးဌာနတို့ အဲဒီလို ဝန်ကြီးဌာန အသီးသီးတွေမှာ အသွင်ပြောင်း ဝန်ထမ်းတွေ၊ ဗိုလ်မှူး၊ ဗိုလ်ကြီးအဆင့်တွေက ဒီမှာ ဝန်ထမ်းအဖြစ် ရောက်လာတာ အများကြီးပဲ၊ သဘောကတော့ အစိုးရဝန်ထမ်းပိုင်းတွေက သူတို့စစ်တပ်ရဲ့လူတွေနဲ့ အစားထိုးပြောင်းနေရာယူလိုက်တဲ့သဘောပဲ"။

အခုလိုပြောင်းရွှေ့ခံရတဲ့ တပ်မတော်သားအရာရှိငယ်တွေဟာ အရပ်ဖက်ဌာနတွေမှာ ဌာနမှူးနဲ့ရုံးအဖွဲ့မှူးကစလို့ ညွှန်ကြားရေးမှူးအဆင့် နေရာတွေအထိ ရွှေ့ပြောင်းခံရတယ်လို့လည်း အဆိုပါ ဝန်ထမ်းကပဲဆက်လက်ပြောဆိုပါတယ်။

"သူတို့က ညွှန်ကြားရေးမှူးတို့၊ ဘာတို့အဆင့်လောက်ကနေ တချို့ရုံးအုပ်တို့ဘာတို့ အဲလိုပုံစံမျိုးအထိကို ပါလာတယ်၊ ဗိုလ်ကြီးအဆင့်လောက်ဆိုရင် ရောက်နေပြီဗျာ၊ တပ်မှာလည်း အရာရှိတွေက အများကြီးဖြစ်နေတာကိုး၊ ဌာနမှူးအများစုနေရာကို ကိုင်ထားတာဗျ။"

အရပ်ဖက်ဌာနတွေမှာ စစ်တပ်က အရာရှိတွေနဲ့ အစားထိုးတာဟာ အရပ်ဖက်သာမန်ဝန်ထမ်းအများစုအတွက် အလုပ်တာဝန်ထမ်းဆောင်ရာမှာ အခက်အခဲရှိတယ်လို့လည်း အဲဒီဝန်ထမ်းက ပြောဆိုသွားပါတယ်။

"အောက်ခြေဝန်ထမ်းပိုင်း အုပ်ချုပ်တဲ့နေရာမှာ နည်းနည်းပြဿနာတက်လာတယ်။ ပုံသဏ္ဌာန်မကျဘူးဖြစ်နေတာ။ စစ်တပ်ပုံစံကျတဲ့အခါ ကျတော့၊ တခါတ လေကျတော့ သူတို့က ဖူးပေါက်တာမလိုချင်ဘူး။ ရေပါတာပဲလိုချင်တယ်ဆိုတဲ့ ပုံစံလေ၊ ဝန်ထမ်းလောကမှာကျတော့ အဲပုံစံမျိုးမရှိဘူး၊ အခြေအနေအပေါ်မှာ မူတည်ပြီး အဆင်ပြေအောင်လုပ်သွားတဲ့ ပုံစံတွေဆိုတဲ့အခါကျတော့ ဝန်ထမ်းပိုင်းဆိုင်ရာကျတော့ နည်းနည်းလုပ်ရ ကိုင်ရတာ အဆင်မပြေဘူးပေ့ါဗျာ။ "

စစ်အစိုးရကနေ လွှတ်တော်အရပ်ရပ်ကို ခေါ်ယူပြီးရင် အရပ်သားအစိုးရအဖြစ်ပြောင်းလဲမယ်လို့ စစ်အစိုးရက ပြောဆိုနေပေမယ့် နောက် ပြောင်းလဲမယ့် အရပ်သား အစိုးရမှာလည်း စစ်တပ်က စစ်မှုးထမ်းဟောင်းတွေပဲ ပါဝင်ဖို့ပြင်ဆင်နေချိန်လည်းဖြစ်ပါတယ်။ ဇန်နဝါရီလ ၂၀ ရက်နေ့မှာလည်း မြန်မာစစ်အစိုးကနေ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၃၈၈ ဦးကို ၃၁ ရက်နေ့မှာ တက်ရောက်ရမယ့် ပြည်သူ့လွှတ်တော် အမျိုးသားလွှတ်တော်နဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီး လွှတ်တော်များအတွက် ကာကွယ်ရေးဦးစီးချုပ်ကနေ အမည်စာရင်းထုတ်ပြန်ခဲ့ပါတယ်။ ကိုယ်စားလှယ် ၃၈၈ ဦးထဲမှာ အရာရှိငယ် ဗိုလ်မှူးနဲ့ဗိုလ်ကြီးတွေသာ အများစုလို့ သိရပါတယ်။

---

**ပြက္ခဒိန်မှ**

**ဂျန်နဝါရီ ၂၇ ၊ GENEVA, VOA။ ။** အမေရိကန်သည် နအဖ၏လူ့အခွင့်အရေး ချိုးဖေါက်မှုများ ရာချီ၍သက်သေရှိကြောင်း ကမ္ဘာနှင့် မြန်မာများသို့ ဆို၏။

**ဂျန်နဝါရီ ၂၇ ၊ Irrawaddy ။ ။** Tunisia အာဏာရှင် Ben Ali ပြုတ်ကျခြင်းနှင့်အီဂျစ်တွင် ဆန္ဒပြမှုများကို နအဖသည်နှုတ်ပိတ်သတင်းနားစွင်နေကြောင်း။

**ဂျန်နဝါရီ ၂၇ ၊ Mizzima ။ ။** နအဖစစ်အုပ်ချုပ်သူများအား အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံးရုံး ICC သို့တင်နိုင်ရန် ဆက်လက်ကြိုးပမ်းမည်ဟု WLB မြန်မာအမျိုးသမီးများအဖွဲ့ ချုပ်မှ ခြောက်ကြိမ်မြောက် ကွန်ဂရက်တွင်ဆို၏။

**ဂျန်နဝါရီ ၂၇ ၊ DVB ။ ။** စစ်မီးလောင်နေ၍ ကရင် ကျောက်ခက်ရွာနှင့် ဝေးလေးရွာမှ ရွာလုံးကျွတ် လူ ၁၀၀ ကျော် ထွက်ပြေးနေရကာ ခလေးများအစာပင်မစားရဘဲ၊ ပြေးစရာ မြေမရှိ ပုံးနေရကြောင်း။

**ဂျန်နဝါရီ ၂၇ ၊ MAE HONG SON ။ ။** ကရင်နီ KNPPO ဉက္ကဌ Khu Hteh Bu Phe (၇၄) သည် ယနေ့မဲဟောင်ဆောင် ဆေးရုံတွင် လည်ပင်းကင်စာရောဂါဖြင့် ကွယ်လွန်သွားကြောင်း။

**ဂျန်နဝါရီ ၂၈ ၊ News Agencies ။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အဲလ်ဒီတို့၏ အဲန်အဲလ်ဒီသည် တရားဝင်အဖွဲ့အစည်းဖြစ်ကြောင်း အယူခံမှုကို နေပြည်တော်ရှိ အထူးအယူခံရုံးမှ နိုဝင်ဘာ ၇ ရွေးကောက်ပွဲတွင် မှတ်ပုံမတင်သဖြင့် တရားဝင်နိုင်ငံရေးအဖွဲ့ မဟုတ်ကြောင်းဖြင့် ဆုံးဖြတ်၏။

**ဂျန်နဝါရီ ၂၈ ၊ AP-DAVOS ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် ဆွစ်ဇာလန်နိုင်ငံ ကမ္ဘာ့စီးပွားရေးဆွေးနွေးပွဲ World Economic Forum နှင့် တယ်လီဖုံးပြောရာ မြန်မာတွင် မြှုပ်နှံရာတွင် အစစစဉ်းစားမြှုပ်နှံရန် မေတ္တာရပ်ခဲ့၏။

**ဂျန်နဝါရီ ၂၈ ၊ DAVOS ။ ။** ကမ္ဘောဒီယားနှင့် ထိုင်းတို့ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားဖွယ်ရှိနေ၍ ပြေငြိမ်းရန် ကြိုးပမ်းမည်ဟု ထိုင်းဝန်ကြီးချုပ်မှဆို၏။

**ဂျန်နဝါရီ ၂၈ ၊ BKK-IRIN ။ ။** နအဖနှင့် လက်နက်ကိုင်သူပုန်များ နယ်စပ်တိုက်ပွဲများသည် မြေမြှုပ်ဗုံးများအန္တရာယ်ပိုများလာကြောင်း ကျွမ်းကျင်သူများမှဆို၏။ မြန်မာ၏တိုင်းနှင့် ပြည်နယ် ၁၄ ခုအနက် ၁၀ ခုတွင် မြေမြှုပ်ဗုံးများသုံးနေကြောင်း ဆွိဇာလန်အခြေစိုက် မြေမြှုပ်ဗုံးတားမြစ်ရေးလှုပ်ရှားမှုအဖွဲ့မှ ဆို၏။

**ဂျန်နဝါရီ ၂၈ ၊ Straits Times ။ ။** နိုင်ငံခြားမှ ရင်းနှီးမှုတိုးမြှင့်စေရန် မြန်မာသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ရေးဆွဲပြဌာန်းခဲ့၏။

**ဂျန်နဝါရီ ၂၈ ၊ RFA ။ ။** ဇေကမ္ဘာမှ ဦးခင်ရွှေ ဦးစီး၍ ဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအဖွဲ့ ဖွဲ့နေ၍ ပြည်တွင်း လျို့ဝှက်လှုပ်ရှားနေသော သံဃာ့တပ်ပေါင်းစုအဖွဲ့မှ ပြစ်တင်ဝေဖန်၏။

**ဂျန်နဝါရီ ၂၈ ၊ Irrawaddy ။ ။** လွှတ်တော်ကိုယ်စားလှယ်အချို့အတွက် တည်းခိုရာနေရာတွင် ပိုက်မှသံချေးရေများလာ၍ ရေချိုးရခက်ခြင်း၊ ညတွင် မီးပျက်ခြင်းများကြုံနေရကြောင်း။

**ဂျန်နဝါရီ ၂၈ ၊ Mizzima ။** ရွေးကောက်ပွဲ ၃ ရက်အလိုတွင် နအဖဖွင့်လှစ်မည့် ပါလီမံသို့ပြည်တွင်း ပြည်ပသတင်းဌာနများ တက်ရောက်သတင်းယူခွင့်ရမရ မသိရသေးကြောင်း။

**ဂျန်နဝါရီ ၂၈ ၊ Mizzima ။ ။** မြစ်ဆုံဖြစ် ၁၅၂ မီတာမြင့်ရေကာတာကြောင့် ဒေသခံများအတွက် စိတ်ပူကြောင်း ဦးဝင်းတင် မှဆို၏။

**ဂျန်နဝါရီ ၂၈ ၊ Nation ။ ။** ထိုင်းသည် မြန်မာဒီမိုကရေစီရရေးနှင့် အမျိုးသားရင်ကြားစေ့ရေးကို ထောက်ခံသော်လည်း မြန်မာ(နအဖစစ်) အစိုးရပြုတ်ကျရေးလှုပ်ရှားသူများအား အားမပေး ထိုင်းနိုင်ငံခြားရေးဝန်ကြီး Kasit Piromya မှ ရန်ကုန်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့စဉ် ပြောခဲ့၏။

# ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားရန် ဧွစပ်ဆွေးနွေးဖို့လိုဟု အမေရိကန်ပြောဆို

**RFA ၊ ဂျန်နဝါရီ ၂၆ ။** ။ အမေရိကန်ပြည်ထောင်စုက စီးပွားရေး ပိတ်ဆို့အရေးယူမှု ဖယ်ရှားရေးကို စဉ်းစားနိုင်ဖို့ မြန်မာအစိုးရဖက်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ဧွစပ်ဆွေးနွေးဖို့၊ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို အသိအမှတ်ပြုဖို့ လိုကြောင်း အမေရိကန်အစိုးရ အကြီးတန်း အရာရှိ Joseph Yun က ပြောလိုက်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံထုတ် Jakarta Post သတင်းစာနဲ့ ဇန်နဝါရီ ၂၅ ရက် မနေ့က တွေ့ဆုံမေးမြန်းရာမှာ Mr. Yun က အခုလို ပြောလိုက်တာ ဖြစ်ပြီး အာဆီယံအဖွဲ့က ကိုရီးယားနဲ့ မြန်မာနိုင်ငံအရေးအပေါ်တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာတာကိုလည်း အလေးအနက်ထား ပြောခဲ့တယ်လို့ ဒီကနေ့ထုတ် Jakarta Post က ရေးပါတယ်။

အင်ဒိုနီးရှားနိုင်ငံ လုမ်ဘုတ်ကျွန်းမှာ ပြီးခဲ့တဲ့အပတ်က ကျင်းပတဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှာ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှု ဖယ်ရှားရေးကို အာဆီယံနိုင်ငံခြားရေး ဝန်ကြီးတွေက တသံတည်း တောင်းဆိုခဲ့ကြကြောင်း၊ ဒီတောင်းဆိုချက်တွေဟာ အလွန်ကောင်းမွန်ပြီး မြန်မာအာဏာပိုင်တွေအနေနဲ့ အလေးအနက် ထားပြီး လက်တွေ့ ဆောင်ရွက်ပေးဖို့ လိုကြောင်းလည်း အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Joseph Yun က ပြောပါတယ်။

မြန်မာအစိုးရဖက်က အပြုသဘော တုံ့ပြန်လာရင် နိုင်ငံတကာက အပြုသဘောဆောင်ရွက်တာ တွေမြင်ရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး ကောင်းမွန်တိုးတက်လာတာနဲ့ အမျှနိုင်ငံတကာ အသိုင်းအဝိုင်းက တုံ့ပြန်ဆောင်ရွက်မှုမျိုးရှိရမှာဖြစ်ကြောင်းလည်း Joseph Yun က သတင်းစာကြီးကို ဖြေကြားခဲ့ပါတယ်။

Joseph Yun ဟာ ပြီးခဲ့တဲ့လက မြန်မာနိုင်ငံခရီးစဉ်ကို လာရောက်ခဲ့သူဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ NLD အပါအဝင် အတိုက်အခံ နိုင်ငံရေးပါတီတွေ၊ မြန်မာစစ်အစိုးရ အဆင့်မြင့်အရာရှိတွေနဲ့ တွေ့ဆုံခဲ့သူဖြစ်ပါတယ်။

အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး Marty Nataliegawa ကတော့ မြန်မာနိုင်ငံမှာ ပိတ်ဆို့အရေးယူမှု ဖယ်ရှားရေးနဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးလုပ်ငန်းဟာ အပြန်အလှန် ဆောင်ရွက်သင့်တယ်လို့ အာဆီယံအစည်းအဝေးအပြီး ပြောကြားခဲ့ပါတယ်။

---

# ၃၁ ရက်နေ့ လွှတ်တော်သည် လမ်းပြမြေပုံ အဆင့် ၆ ကို ဖော်ဆောင်ခြင်းဖြစ်

**DVB ၊ ဂျန်နဝါရီ ၂၈ ။** ။ လာမယ့် ၃၁ ရက်နေ့မှာ စတင်ကျင်းပမယ့် လွှတ်တော်အစည်းအဝေးဟာ စစ်အစိုးရရဲ့လမ်းပြမြေပုံအဆင့်တွေထဲက အဆင့် ၆ ကို ဖော်ဆောင်ခြင်းသာဖြစ်တယ်လို့ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ ဒုဥက္ကဋ္ဌ စိုင်းဆောင်ဆီက ပြောပါတယ်။

လွှတ်တော်အစည်းအဝေးတက်ရောက်ဖို့ နေပြည်တော်ရောက်နေစဉ် အခုလို ပြောဆိုတာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်အတွင်း လူထုအတွက် အဆိုပြုချက်တွေ တင်သွင်းချက်တွေ ရှိသေးမှာမဟုတ်ဘူးလို့ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ကျားဖြူပါတီရဲ့ဒုဥက္ကဋ္ဌစိုင်းဆောင်ဆီကအခုလိုပြောပါတယ်။

“၃၁ ရက်နေ့မှာ ခေါ်မယ့် လွှတ်တော်အစည်းအဝေးမှာတော့ ဥပဒေကြမ်းကိစ္စတို့တင်သွင်းတဲ့ကိစ္စတို့၊ အဆိုပြုတာတွေ ရှိဦးမှာမဟုတ်ဘူးလမ်းပြမြေပုံ ၆ ရဲ့ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ သမ္မတ၊ အစိုးရအဖွဲ့ဆိုတဲ့ အဆင့်တွေကို အကောင်အထည်ဖော်ရမှာကို၊ ခုနပြောသလို ပြည်သူလူထုအတွက် တင်ပြစရာကတော့ အခုလွှတ်တော်အတွင်းမှာ တင်ပြစရာအကြောင်းမရှိသေးဘူး။ စောင့်ရဦးမယ်။ တခုတော့ရှိတာပေါ့။ အခွင့်အရေးဘာရလိုက် လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်တွေ စုစည်းပြီး တွေ့ရတယ်။ ပြည်သူ့လွှတ်တော်ရယ်၊ ကိုယ့်ပါတီအချင်းချင်းရယ်၊ ရှမ်းပြည်တပြည်လုံး ကိုယ်စားလှယ်တွေ လာတွေ့ရတော့သူ့မြို့နယ်၊ ကိုယ့်မြို့နယ်ကိစ္စတွေ နောက်လွှတ်တော်မှာတင်သွင်းမယ့် ကိစ္စတွေသူ့အမြင်ကိုယ့်အမြင်တွေနဲ့ ညှိနှိုင်းဆွေးနွေးလို့ရတာပေါ့။ ဒီဟာကတော့အစီအစဉ်ရှိပါတယ်။ဒီလွှတ်တော်လာတာအကျိုးရှိတယ်၊အချိန်လည်းရသွားတယ်။”

လွှတ်တော်အစည်းအဝေးတက်ရောက်ဖို့ ရွေးကောက်ပွဲအနိုင်ရ ပါတီကိုယ်စားလှယ်တွေနဲ့တိုင်းရင်းသားပါတီကိုယ်စားလှယ်တွေလည်းနေပြည်တော်ရောက်နေကြပြီး၊ စည်ပင်သာယာရိပ်သာဆောင်မှာထားရှိပါတယ်။ အဆောင်တဆောင်မှာ ၈ ခန်းပါရှိပြီး၊ တဦးကို တခန်းစီ၊ တရက် ကျပ် ၁၅၀၀ နဲ့ ပေးဆောင်ရတယ်လို့သိရပါတယ်။ အဲဒီအတွက် လောလောဆယ်မှာ အိတ်စိုက် ပဲလို့ ပါတီကိုယ်စားလှယ်တဦးက ပြောပါတယ်။ သာမန်အရပ်သားကိုယ် စားလှယ်တွေ ဒီလိုအခြေအနေရှိပေမယ့် ကြံ့ခိုင်ရေးပါတီက ကိုယ်စားလှယ်တွေရဲ့အခြေအနေကိုတော့ ဘာမှ မသိရဘူးလို့ဆိုပါတယ်။ အရပ်သားပါတီကိုယ်စားလှယ်တွေအချင်းချင်း တွေ့ချိန် ၃၁ ရက် အစည်းအဝေးမှာ ပြောဆိုခွင့်မရသေးပေမယ့် ပုံမှန်လွှတ်တော်အစည်းအဝေး စတင်ကျင်းပတဲ့အခါပြောဆိုဆွေးနွေးဖို့ ပြင်ဆင်ထားကြတယ်လို့ ရှမ်းပါတီဘက်က ပြောပါတယ်။ ဒါပေမယ့် လွှတ်တော်မှာ တပ်မတော်ကိုယ်စားလှယ်ဦးရေနဲ့အစိုးရကျောထောက်နောက်ခံကြံ့ခိုင်ရေးပါတီကိုယ်စားလှယ်တွေကပိုများနေတော့လက်တွေ့ဖြစ်နိုင်ခြေအလားလာနဲ့ပတ်သက်လို့ စိုင်းဆောင်ဆီက အခုလိုပြောပါတယ်။

“ဒီလွှတ်တော်စလာပြီဆိုရင် ပြည်သူလူထုအတွက် ပြောစရာရှိတာ တရားဝင် သူ့ရဲ့ လုပ်ထုံးလုပ်နည်းနဲ့ ပြောစရာရှိတာတော့ ပြောသွားမှာပဲ။ ဒါပေမယ့် ပါတီစုံဖြစ်နေတော့ ပြောကြဆိုကြ ငြင်းကြခုံကြနဲ့ မဲခွဲတဲ့အချိန်ကျရင်တော့ အန်ကယ်တို့အတွက်တော့ အားသိပ်မရှိဘူး။ ဒါပေမယ့်လည်း ပြောကြဆိုကြတဲ့ကိစ္စရပ်က ပြည်သူလူထုတိုင်းနဲ့ သက်ဆိုင်တဲ့အတွက် အဲဒီအတွက်တော့ အားမငယ်ပါဘူး၊ ပြည်သူလူထုတိုင်းနဲ့ သက်ဆိုင်တဲ့ ဥပဒေမျိုးတွေပဲ အန်ကယ်တို့တင်သွင်းမယ်ဆိုရင်တော့အန်ကယ်တို့တင်သွင်းတာလည်းကြံ့ခိုင်ရေးက လိုက်လျောမှာပါ။ အဲလိုတော့ မြင်ထားပါတယ်။ ပြည်သူလူထုအတွက် ဖြစ်သင့်ဖြစ်ထိုက်တာ ဖြစ်မလာဘူးဆိုရင်တော့ ဖြစ်မလာအောင်လုပ်တဲ့ လူမှာသာ တာဝန်ရှိတာပေါ့။”

စစ်အစိုးရဟာ ၂၀၀၃ ခုက ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီစည်းရုံးရေးဆင်းစဉ် ဒီပဲယင်းမြို့မှာ အစိုးရရဲ့ ကျောထောက်နောက်ခံအဖွဲ့က အကြမ်းဖက်တိုက်ခိုက်ပြီးနောက်ပိုင်း သူတို့နည်း သူတို့ဟန်နဲ့ ဒီမိုကရေစီဖော်ဆောင်ဖို့ လမ်းပြမြေပုံ ၇ ချက်ကို ချမှတ်ဖော်ဆောင်နေတာဖြစ်ပါတယ်။

# မွန်ပြည်သစ်ပါတီက လယ်လုပ်သူများကို လယ်ပိုင်စေလို

**MIZZIMA ၊ ဂျန်နဝါရီ ၂၄ ။** ။ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ အနေဖြင့် စီးပွားရေးကဏ္ဍတွင် ပုဂ္ဂလိက မြေယာပိုင်ဆိုင်ခွင့် ရရှိလာစေရေးအတွက် လာမည့်လွှတ်တော်တွင် အဓိကအဆိုပြုမည်ဟု ပါတီခေါင်းဆောင် နိုင်ငွေသိန်းက ဆိုသည်။

"ဥပမာ- ပြည်သူတွေ ကျနော်တို့ကို တင်ပြလာတဲ့ ကျိုက်မရောဘက်က ဘီလပ်မြေစက်ရုံဆောက်ဖို့ မြေသိမ်းတဲ့ကိစ္စ၊ ဒါနဲ့ပတ်သက်ပြီး ကျနော်တို့ ဗဟိုကော်မတီ အစည်းအဝေးမှာဆွေးနွေးပြီးပြီ။ 'လယ်လုပ်သူ လယ်ပိုင်ခွင့် မဟုတ်ဘူး၊ လယ်လုပ်သူ လယ်ပိုင်ရမည်'။ ဒါကို လွှတ်တော်မှာ ကျနော်တို့ အဆိုပြုမယ်" ဟု နိုင်ငွေသိန်းက မဇ္ဈိမကို ပြောသည်။

လွန်ခဲ့သည့် သီတင်းပတ်ထဲတွင် ရွေးကောက်ပွဲအနိုင်ရ မွန်ပါတီအမတ်များက ၎င်းတို့ဝင်ပြိုင်ခဲ့သည့်ရေး၊ သံဖြူဇရပ်၊ မုဒုံ၊ ချောင်းဆုံနှင့်ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်များ၌ ကွင်းဆင်းကာပြည်သူ့ဆန္ဒကို လိုက်လံ ကောက်ခံခဲ့သေးသည်။

ကျိုက်မရော၊ မုဒုံနှင့်ရေးမြို့နယ်မှ ပြည်သူများက လယ်ယာ အသိမ်းခံရမှုနှင့် ရေလှောင်တမံဆောက်လုပ်ခြင်းကြောင့် လယ်ယာမြေပျက်စီးရမှုများကိုအဓိကတင်ပြခဲ့ကြောင်းနှင့်ကျိုက်မရော၌လွန်ခဲ့သည့် လအနည်းငယ်တွင် ဘီလပ်မြေစက်ရုံဆောက်ရန် ဇေကမ္ဘာကုမ္ပဏီက လယ်ယာခြံမြေဧက ၈၀၀ ကျော်ကို သိမ်းယူခဲ့ကြောင်း မွန်ပါတီက ပြောသည်။ ရေး၊ သံဖြူဇရပ်နှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်၌ တပ်သစ်ချရန် မြေယာသိမ်းမှုသည် ၂၀၀၀-၂၀၀၃ ခုနှစ်ကာလသည် အဆိုးဆုံးအခြေအနေဖြစ်ပြီး ၂၀၁၀ ခုနှစ်အထိ ခြံမြေဧကပေါင်း ၁,၂၀၀၀ ကျော်ကိုသိမ်းဆည်းခဲ့ကြောင်းထိုင်းနိုင်ငံအခြေစိုက် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စာရင်းပြုစုချက်အရသိရသည်။

စစ်တပ်နောက်ခံ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက လွှတ်တော်တွင် နေယူအများဆုံး ရရှိခြင်းနှင့်စစ်တပ်ကပါ လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ယူထားခြင်းကြောင့် လွှတ်တော်အတွင်း မိမိတို့အဆိုပြုချက်များ အထမြောက်ရန် မလွယ်ကူသော်လည်း အတတ်နိုင်ဆုံးပြင်ဆင်ဆွေးနွေးသွားမည်ဟု နိုင်ငွေသိန်းက ပြောသည်။ ကြံ့ဖွံ့ကလယ်လုပ်သူ လယ်ပိုင်ခွင့်မှုကို သဘောမတူဘဲ နိုင်ငံတော်ကသာ ပိုင်ရမည်ဟု မူဝါဒထားရှိသည်။

မွန်ပါတီအပါအဝင် တိုင်းရင်းသားပါတီ ၅ ပါတီက ယခုလ လယ်ခန့်တွင် ရန်ကုန်၌ တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် စီးပွားရေးပိတ်ဆို့မှုကိုရုပ်သိမ်းပေးရန်၊ ဒုတိယသမ္မတတနေရာတွင် တိုင်းရင်းသားပါတီများမှ ခန့်အပ်ရန်၊ လွှတ်တော်အသီးသီးတွင် ဥက္ကဋ္ဌ သို့မဟုတ် ဒုဥက္ကဋ္ဌနေရာ၌ တိုင်းရင်းသားပါတီများမှ ခန့်အပ်ရန်၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန်နှင့် နိုင်ငံရေးအကျဉ်းသားများကို နိုင်ငံရေးအကျဉ်းသားအခွင့်အရေး အပြည့်အဝပေးရန် ကြေညာချက်ထုတ်ကာ တောင်းဆိုခဲ့သေးသည်။မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီသည်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ် ၃၄ ဦး ဝင်ပြိုင်ခဲ့ရာ ၁၆ ဦးအနိုင်ရခဲ့သည်။

---

# ဒိကေဘီအေ ဘောဘောကျိုးစခန်းကို နအဖစစ်တပ်က တိုက်ခိုက်နေ

**DVB ၊ ဂျန်နဝါရီ ၂၃ ။** ။ နှစ်ရက်တာတိုက်ပွဲတွေ အေးနေပေမယ့် ဒီနေ့ မနက်ကစပြီး မြဝတီမြို့နဲ့ ၁၅ မိုင် အကွာမှာရှိတဲ့ ဒီကေဘီအေ ဘောဘောကျိုးစခန်းကို နအဖတပ်တွေက တိုက်ခိုက်နေပါတယ်။

ဒီအကြောင်းကို တိုက်ပွဲတွေ နားအထိ သွားရောက် သတင်းယူနေတဲ့ ဒီဗွီဘီသတင်းထောက် စောဖိုးစီက အခုလိုပြောပြပါတယ်။

"ဒီနေ့မနက်ဝေလီဝေလင်း ၆ နာရီကျော်လောက်မှာလက်ရှိ ဒီကျောက်ခက်ကို လွန်လာပြီးတော့ ဝမ်တနိုင်လို့ ခေါ်တဲ့ ရွာကိုရောက်လာတယ်၊ရောက်လာတော့ ဘုန်းကြီးကျောင်းဝင်ဆီးထားတယ်၊ ဒီကေဘီအေရှိတဲ့ ဘက်ကဘောဘောကျိုးစခန်းကို လက်နက်ကြီးနဲ့ လှမ်းပစ်သလို ဒီကေဘီအေ ကနေပြီးတော့ လက်နက်ကြီးနဲ့ လှမ်းပစ်တယ်ပေါ့နော်၊ ဗိုလ်ကြာနီလို့ ခေါ်တဲ့ ဒီကေဘီအေက နေပြီးတော့ ဝမ်တနိုင်ဟာရွာမှာ နေပြီးတော့ နအဖနဲ့ အနီးကပ်တိုက်ပွဲတပွဲဖြစ်တယ် မနက်စောစောမှာပေ့ါနော်၊ လက်နက်ငယ်ကော လက်နက်ကြီးကောလှမ်းပစ်ကြတယ်၊ အကြီးအကျယ်ဖြစ်ကြတယ်၊ ညနေစောင်း ၃ နာရီ မိနစ် ၂၀ လောက်မှာ နအဖဘက်က လက်နက်ကြီးလှမ်းထုတယ်။"

အခုဖြစ်တာတွေကို လှမ်းမြင်နေရလား။

"လှမ်းမြင်နေရတယ်ခင်ဗျ၊ ဒီနအဖက ထမင်းပြန်စားတာလား ရိက္ခာ ပြန်ယူတာလား မသိဘူး တက်လိုက် ဆင်းလိုက် လုပ်နေတာ တွေ့ရတယ်ခင်ဗျ။"

ကိုဖိုးစီ အဲဒါဆိုတော့ တိုက်ပွဲဖြစ်တဲ့နေရာနဲ့ ခင်ဗျားနဲ့ ဘယ်လောက်ဝေးနေလဲ၊

"တကီလိုတော့မရှိဘူး။ လှမ်းမြင်နေရာတယ်ပေ့ါနော်၊ ချောင်းတချောင်းပဲ ကွာတယ်ခင်ဗျ၊ ဟိုက မြန်မာပြည်က တောင်က ဟိုဘက် ဒီဘက်ကမ်းပဲ၊ တောင် ၂ လုံးရဲ့ အလယ်မှာ ရေချောင်းရှိတယ်၊ ကျနော်က ထိုင်းဘက်ကတောင်မှာနေတယ်၊ နအဖနဲ့ဒီကေဘီအေက ဟိုဘက်တောင်တတောင်မှာနေတယ်။"

ထိခိုက်ကျဆုံး ၂ ဖက်အခြေအနေကော ဘယ်လိုတွေ့ရလဲဗျ။

"လမ်းဘေးနားမှာ နအဖ လူက ၃ ယောက်လဲတာတွေ့ရတယ်၊ မလှုပ်ဘူးပေ့ါနော်၊ သေတယ်လို့ယူဆရတယ်၊ အခုထိ အဲဒီအလောင်းတွေကို မယူရသေးဘူးပေ့ါနော်။"

အခု နောက်ဆုံး ဘယ်လိုတွေ့နေရလဲ။

"အခုနောက်ဆုံး ခုနက ၁၄ နာရီ ၄၈ မိနစ်မှာ ကချော၀ါးလေး ကနေပြီးတော့ လက်နက်ကြီး ၁၂၀ (အမြောက်)လှမ်းထုတာ တလုံးရယ်၊ ဒီညနေ ၄ နာရီ ၅၅ မိနစ်မှာ တလုံးပေ့ါနော်၊ ၁၂၀ တလုံး။ လက်နက်ကြီးတွေပဲ ထုနေကြတယ်ပေ့ါနော်၊"

ထိုင်းဘက်ကို ကျတာတွေ ဘာတွေကော ရှိလားခင်ဗျ။

"အခု လက်နက်ကြီးတလုံးပစ်တယ်၊ မနက်က ဒီတိုက်ပွဲအနီးကပ်တိုက်ပွဲပေ့ါနော် ဒီအနီးကပ်တိုက်ပွဲက ထိုင်းဘက်ကိုလက်နက်ကြီးတလုံးကျတယ်။"

နအဖဘက်က ပစ်တဲ့ လက်နက်ကြီးတွေ ကျတာကော ရှိလား။

"အခု ကိုတူးနဲ့စကားပြောတဲ့ အချိန်မှာ လက်နက်ကြီး ကစော၀ါးလေး ကနေပြီးတော့ လက်နက်ကြီး ၁၂၀ ထုချတာ အခုနက အသံပေ့ါနော်။ အဲဒါဆိုရင် RBJ ဒီဘက်ကမ်းကိုလည်း ကျတယ်၊"

အဲဒါဆိုရင် ခင်ဗျားတို့ အခုနေတဲ့ နေရာနဲ့ကျတဲ့နေရာ နီးလား။

"ကျတဲ့နေရာနဲ့ ကျနော် အခု ထိုင်တဲ့ နေရာဆိုတရင် ကိုက် ၁၀၀ ကျော်လောက်ရှိပါတယ်ခင်ဗျ၊ အခုဆိုရင် ခုနက ကျနော်တို့ ထိုင်နေတာ လူပေါင်း ၁၇ ယောက်လောက်ရှိပါတယ်ခင်ဗျ၊ လက်နက်ကြီးနဲ့ လှမ်းထုတော့ ကျနော် အခုတ ယောက်တည်းပဲ ကျန်နေတယ်ခင်ဗျ၊ ဒီလူတွေ မနေရဲတော့ဘူးပေ့ါနော်၊ ဒီ ၁၂၀ က ကျနော်တို့ဆီအထိ ရောက်လာနိုင်တဲ့ သဘောရှိတဲ့အတွက်ကြောင့် သူတို့ တောင်ခြေကို ဆင်းသွားပြီခင်ဗျ။"

# လူငယ်များ စစ်မှုထမ်းရေး ဥပဒေအပေါ် တိုင်းရင်းသားတွေစိုးရိမ်

**VOA । ဂျန်နဝါရီ ၂၆ ။** ။ မြန်မာပြည်တွင်းမှာ အရွယ်ရောက်တဲ့ အမျိုးသား၊ အမျိုးသမီးတိုင်း စစ်မှုထမ်းဖို့ ပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့ စစ်မှုထမ်းဥပဒေအပေါ် တိုင်းရင်းသား လူမျိုးစုတွေကြားမှာ လူပြောများနေပါတယ်။ လူငယ်တွေကြားမှာ စိုးရိမ်ပူပန်နေကြသလို ဒီဥပဒေဟာ အမျိုးသမီးတွေအတွက် မသင့်တော်ဘူးလို့ ဝေဖန်တာတွေလည်း ရှိပါတယ်။ ဒီဥပဒေကို လက်တွေ့ အကောင်အထည် ဖော်တာမှာတော့ အခက်အခဲ ရှိလိမ့်မယ်လို့ နိုင်ငံရေးပါတီ ခေါင်းဆောင်တွေက ပြောပါတယ်။ အပြည့်အစုံကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် နိုင်ကွန်းအိန်က စုစည်း တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ အရွယ်ရောက်တဲ့ ယောက်ျား၊ မိန်းမ မှန်သမျှ စစ်မှုမထမ်းမနေရဆိုတဲ့ ဥပဒေသတင်းဟာ အခုတလော ပျံ့နှံ့မှု ရှိနေပါတယ်။ ဒီဥပဒေ ထုတ်ပြန်ထားတာနဲ့ပတ်သက်ပြီး လူပြောများနေတယ်လို့ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီဥက္ကဋ္ဌဖြစ်သူ နိုင်ငွေသိန်းက ပြောပါတယ်။

"စစ်မှုထမ်းရမယ်ဆိုတာ တော်တော်လေး ပြောနေကြတယ်။ အခုက တော်တော်ပြောနေကြပြီ။ မိန်းကလေး၊ ယောကျ်ားလေးရော။ အဲဒါကတော့ ကျနော်တို့ ငယ်ငယ်တုန်းက လွတ်လပ်ရေးရခါစပေါ့ဗျာ၊ ဟိုတုန်းကတည်းက လူတိုင်း စစ်မှုထမ်းရမယ် ဆိုတာကဟိုတုန်းကတော့ ဟုတ်ချင်လည်းဟုတ်မယ်။ အခုဆိုလို့ရှိရင် အမိန့်အရထုတ်ပြန်လိုက်တယ်ဆိုပေမဲ့လည်း အကောင်အထည်ဖော်တဲ့နေရာမှာ ကျနော့်အထင် မဖြစ်နိုင်ဘူးလို့ ထင်တယ်။ ကရင်၊ မွန် ဒေသမှာရှိတဲ့ ကလေးတွေဟာ စစ်ထဲဝင်မယ့်သူဆိုတာ မရှိဘူး။ ကလေးတွေ အကုန်လုံးဟာ တခြားနေရာ ရောက်ကုန်ပြီ။ အမိန့်တော့ အမိန့်ပေါ့ဗျာ။ ဒါပေမဲ့ အကောင်အထည်ဖော်ရမှာ တအားကို အခက်အခဲရှိမယ်လို့ကျနော် မြင်တယ်ဗျ။"

စစ်မှုမထမ်းမနေရ ဥပဒေအမိန့်အရ လူငယ်တွေ အနေနဲ့စစ်မှုထမ်းရမှာကို စိုးရိမ်နေတယ်လို့ ကရင်ပြည်နယ် ဘားအံမြို့နေ လူငယ်တဦးက အခုလိုပြောပါတယ်။

"ဒီစစ်မှုမထမ်းမနေရ သူတို့ပြောလိုက်တဲ့အခါကျတော့ လူငယ်တွေက အထိတ်တလန့် ဖြစ်တာပေါ့။ စစ်မှုထမ်းမနေရနဲ့ပတ်သက်တာဟာ လာပြီးတော့ စစ်တမ်းကောက်ယူတာ မရှိဘူးလေ။ သူတို့ ဘာသာ သူတို့ လုပ်တဲ့အခါကျတော့ ကျနော်တို့ လူငယ်တွေအနေနဲ့ သိပ်ပြီးတော့ လက်မခံဘူးပေါ့။ မဖြစ်သင့်ဘူးလို့ ကျနော်တို့မြင်တယ်လေ။ နောက်ပြီးတော့ ကျနော်တို့နိုင်ငံမှာလည်း နိုင်ငံရေးကကမောက်ကမ ဖြစ်တဲ့အခါကျတော့ အကယ်၍ သူတို့လုပ်တဲ့ အခါကျတော့ တိုင်းရင်းသားအချင်းချင်းမှာပဲ လူငယ်ကို သုံးပြီးတော့ စစ်နဲ့ပတ်သက်တာ ထိုးစစ်ဆင်တဲ့သဘော အဲဒီလိုဖြစ်တယ်လို့ ကျနော်မြင်တယ်။"

ပြည်သူ့စစ်မှုထမ်းဥပဒေ အတည်ဖြစ်လာရင် အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်း အမျိုးသားတိုင်းနဲ့ ၁၈ နှစ်မှ ၃၅ နှစ်အတွင်းအမျိုးသမီးတိုင်း ၂ နှစ်ထိ စစ်မှုထမ်းရမှာဖြစ်သလို အစိုးရကအရေးပေါ်အခြေအနေ သတ်မှတ်ထားခဲ့ရင် ၅ နှစ်အထိ စစ်မှုထမ်းကာလကိုတိုးမြှင့်သွားမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ဒီလိုစစ်မှုထမ်း မနေရအမိန့် ဟာ အမျိုးသမီးတွေအတွက် ဥပဒေအရ ပြဋ္ဌာန်းလို့ မသင့်တော်ဘူးလို့ မော်လမြိုင်မြို့နေကျောင်းဆရာမတဦးက အခုလိုပြောပါတယ်။

"ဒီသတင်းကို စစဖတ်ခြင်း နည်းနည်းလေးတော့ စိတ်ကသိကအောက်ဖြစ်တာပေါ့နော်။ ဒီဥပဒေကို လုံးဝလက်မခံနိုင်ဘူး။ တကယ်လို့စိတ်ပါလို့ရှိရင်လည်း ဝင်လို့ရတယ်။ ဒီဥပဒေအနေနဲ့တော့ မပြဋ္ဌာန်းသင့်ဘူးလို့ ထင်တယ်။"

ဒီလို စစ်မှုထမ်းဥပဒေထုတ်ပြန်တာဟာ လူ့အခွင့်အရေးကိုတနည်းတဖုံ ကျူးလွန်နေတယ်လို့ ထိုင်းနိုင်ငံအခြေစိုက် ပလောင်အမျိုးသမီး အစည်းအရုံးရဲ့ အလုပ်အမှုဆောင်ကော်မတီဝင် မမိုခမ်းက အခုလို ပြောပါတယ်။

"ဒီအမျိုးသမီးတွေနဲ့ပဲ အဓိက ဦးတည်ပြောရမယ်ဆိုရင်တော့ ဒီစစ်မှုထမ်းဥပဒေတွေက ကျမတို့ အမျိုးသမီးတွေကို နည်းလမ်းတမျိုးနဲ့အကြမ်းဖက်တယ်လို့ပဲ ကျမကတော့ မြင်တယ်ပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ဥပဒေအရကလည်း ဘယ်လိုမှလိုက်နာနိုင်မှုမရှိဘူး။ ကျမတို့နိုင်ငံနဲ့ သင့်လျော် လျောက်ပတ်တဲ့ ဥပဒေဖြစ်မနေဘူးပေါ့နော်။ စစ်အာဏာရှင်စနစ် အုပ်ချုပ်မှုအောက်မှာပဲ ရှိနေသေးတယ်။ ဒီအုပ်ချုပ်မှုအောက်ကထွက်လာတဲ့စစ်မှုထမ်းဥပဒေဆိုတာကစစ်သားစုဆောင်းရေး ဥပဒေပဲ။ ဒါက လူ့အခွင့်အရေး ချိုးဖောက်မှုတမျိုးပဲအထူးသဖြင့် အမျိုးသမီးတွေကို စစ်မှုထမ်းရမယ်ဆိုတဲ့ဟာမျိုးတွေဟာ ဒါအမျိုးသမီးတွေအပေါ်မှာ အကြမ်းဖက်မှုတမျိုးပဲလို့ ကျမကတော့ မြင်တာပေါ့နော်။"

ပြည်သူ့စစ်မှုထမ်း ဥပဒေအရ စစ်မှုထမ်းစာရင်း ပေးသွင်းဖို့ပျက်ကွက်သူတွေဟာ ထောင်ဒဏ် ၃ နှစ် ကျနိုင်ပြီး ဟန်ဆောင် ရှောင်လွှဲခဲ့ရင်တော့ထောင် ၅ နှစ်အထိ အပြစ်ပေးခံရမယ်လို့လည်းပြဋ္ဌာန်းပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ အရန်တပ်ဖွဲ့ဥပဒေကို မြန်မာနိုင်ငံပြန်တမ်း အမှတ် ၅၁၊ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ စစ်အင်အား စုစုပေါင်း ၅၀၀,၀၀၀ ခန့်ရှိတယ်လို့ဆိုပေမဲ့လည်း စစ်အစိုးရတပ်ရင်းတိုင်းမှာ သတ်မှတ်ထားတဲ့ တပ်အင်အားအရေအတွက်ထက် လျော့နည်းနေတယ်လို့ စစ်ရေးအကဲခတ်သူတွေကနေ သုံးသပ်မှုတွေရှိနေပါတယ်။

# ကြပ်ပြေးကားတိုက်မှု ဂျပန်တဦးသေဆုံး

**DVB । ဂျန်နဝါရီ ၂၄ ။** ။ ရန်ကုန်–နေပြည်တော်လမ်းမှာ ကားမှောက်တဲ့အတွက် ဂျပန်နိုင်ငံသားဆရာဝန်တဦးနဲ့ မြန်မာအရာရှိတဦး သေဆုံးသွားကြောင်း သိရပါတယ်။

အသက် ၄၀ ကျော်အရွယ် သွားဖက်ဆိုင်ရာ ဆရာဝန်တဦးဖြစ်တဲ့ မစွတာဟာဆီဂါဝါဟာ အခြားဂျပန်တဦး၊ မြန်မာ ၃ ဦးနဲ့ တူ ရန်ကုန်ကနေ နေပြည်တော်ကို ကားမောင်းပြီးအသွား စနေနေ့ညမှာ ကားမှောက်ပြီး အခုလို သေဆုံးသွားတာဖြစ်တယ်လို့ ကျိုဒိုသတင်းက ဖော်ပြပါတယ်။ ရန်ကုန်ကနေ ကီလို ၁၇၀ အကွာမှာ အခုလိုတိမ်းမှောက်တာဖြစ်ပြီး ဒဏ်ရာရသူ ၃ ဦးကိုတော့ တောင်ငူဆေးရုံမှာ အရေးပေါ်လူနာအဖြစ် တင်ထားတယ်လို့ သိရပါတယ်။

၂၀၀၉ မတ်လမှာ ရန်ကုန်–နေပြည်တော် အဝေးပြေး ကားလမ်းဖွင့်ပြီးကတည်းက ကားမှောက်မှုကြောင့် သေဆုံးသူ ၈၀ ကျော်ရှိနေပြီလို့ သိရပြီး နိုင်ငံခြားသား သေဆုံးတာကတော့ ဒါ ပထမဆုံးဖြစ်တယ်လို့ ကျိုဒိုသတင်းက ဖော်ပြထားပါတယ်။

# စေ့စပ်ဆွေးနွေးရေး ဆိုရာဝယ်

**ခင်မမမျိုး**

**ယခင်အပတ်အဆက်**

စေ့စပ်ဆွေးနွေးမှုနှင့် ဆက်ဆံရေး (Relationship)

စေ့စပ်ဆွေးနွေးမှုက ထွက်ပေါ်လာတဲ့ ရလဒ်အတွက်နောက်ထပ် အရေးကြီးတဲ့ ထည့်သွင်းစဉ်းစားစရာ အချက်ကတော့ ပဋိပက္ခထဲမှာ ပါဝင်နေတဲ့ actors တွေအကြားက ဆက်ဆံရေးသဏ္ဌာန်တွေပဲဖြစ်ပါတယ်။ စေ့စပ်ဆွေးနွေးမှုကို ပြုလုပ်တဲ့အခါမှာ မိမိဘက်ရဲ့လိုအပ်ချက်နဲ့အကျိုးစီးပွားတွေကို သိဖို့လိုအပ်သလို၊ အခြားတဘက်က လိုအပ်ချက်နဲ့ အကျိုးစီးပွားတွေကိုလဲ သိနေဖို့လိုအပ်ပါတယ်။ ဘက်နှစ်ဘက်တင်မကပဲ multiple actors တွေ ပါဝင်နေခဲ့တယ်ဆိုရင် ပါဝင်နေသူတွေရဲ့ လိုအပ်ချက်၊ အတွေး အခေါ်နဲ့ အကျိုးစီးပွားတွေကို သိမြင်တတ်ဖို့လိုအပ်ပါတယ်။ နိုင်ငံရေးပညာရှင် Ury က အောင်မြင်တဲ့ စေ့စပ်ဆွေးနွေးသူတွေဟာ စိတ်ပညာကျွမ်းကျင်သူတွေဖြစ်တယ်လို့ ဆိုထားခဲ့ပါတယ်။ ပဋိပက္ခတွေကို ဖြေရှင်းဖို့ ကြိုးပမ်းတဲ့စေ့စပ်ဆွေးနွေးမှုတွေမှာ ပါဝင်တဲ့ multiple parties တွေအပါ အဝင်ဒီပဋိပက္ခနဲ့ ဆက်စပ်တဲ့ အဖွဲ့အစည်းတွေ၊ လူတွေရဲ့ မြင်နိုင်တွေ့နိုင်သော လိုအပ်ချက်တွေ၊ အတွင်းစိတ်ထဲမှာ ခိုအောင်းနေတဲ့လိုလားချက်တွေ၊ဖြတ်သန်းမှုသမိုင်းကြောင်းတွေ၊အတွေးအခေါ်ကိုသိနိုင်လေလေ အပြန်အလှန်ယုံကြည်မှုရှိတဲ့ ဆက်ဆံရေးကို တည်ဆောက်ဖို့အခွင့်အလမ်း များလာလေလေ ဖြစ်ပါတယ်။

စေ့စပ်ဆွေးနွေးမှုမှာပါဝင်နိုင်မယ့်actorsအမျိုးအစားတွေကိုလဲ နိုင်ငံရေး ပညာရှင်တွေက လေ့လာဖော်ထုတ်ခဲ့ကြပါတယ်။ Counter parts ဆိုတဲ့ အမျိုးအစားက မတူညီပဲ ထိပ်တိုက်ကွဲပြားနေတဲ့ အမြင်တွေကို တင်ပြသူတွေ ဖြစ်ပါတယ်။ Constituents ဆိုတဲ့ အမျိုးအစားကတော့ သူတို့နဲ့သက်ဆိုင်တဲ့ လူမျိုးစု၊ အဖွဲ့အစည်း၊ လူတန်းစားအလွှာ စတာတွေကို ကိုယ်စားပြု တက်ရောက်လာသူများဖြစ်ပါ တယ်။ Stakeholders တွေကတော့ စေ့စပ်ဆွေးနွေးတဲ့ စားပွဲမှာ ကိုယ်တိုင်ပါဝင်ချင်မှ ပါဝင်ပေမယ့် စေ့စပ်ဆွေးနွေးမှုနဲ့ ဆက်စပ်တဲ့လိုလားချက်၊ အကျိုးစီးပွားရှိနေသူတွေ ဖြစ်ပါတယ်။ သူတို့တတွေက counterparts တွေနဲ့ constituents တွေရဲ့ ကိုယ်စားပြုမှု၊ အတွေးအခေါ်တွေနဲ့ လုပ်ဆောင်ချက်တွေအပေါ်မှာ လွှမ်းမိုးမှုရှိပါတယ်။ Ratifiers ဆိုတာကတော့ ညှိနှိုင်းဆွေးနွေးမှုရလဒ်တွေကို ဆုံးဖြတ်ချက်ပေးသူတွေဖြစ်ပါတယ်။ စေ့စပ်ဆွေးနွေးမှုမှာ ပါဝင်သူတွေရဲ့ မိခင်အဖွဲ့အစည်းတွေ၊ ပါတီတွေက ခေါင်းဆောင်တွေ ဖြစ်ပါတယ်။

စေ့စပ်ဆွေးနွေးပွဲ အမှန်တကယ် ဖြစ်မြောက်လာချိန်မှာပေါ်ထွက်လာတတ်တဲ့ spoilers တွေလဲ ရှိပါသေးတယ်။ ရေရှည်ပဋိပက္ခတွေမှာ ပဋိပက္ခကြောင့် အကျိုးကျေးဇူးရနေသူများ ရှိတတ်ပါတယ်။ ဥပမာ- မူးယစ်ကုန်ကူးတဲ့ အဖွဲ့အစည်းတွေ၊ လူကုန်ကူးတဲ့ အဖွဲ့အစည်းတွေ စတဲ့ရာဇဝတ်မှုကျူးလွန်နေတဲ့ အဖွဲ့အစည်းတွေနဲ့ပဋိပက္ခကို အကြောင်းပြုပြီး ဆိုင်းဘုတ်ထောင် ရံပုံငွေ တောင်းနေတဲ့ပဋိပက္ခအကြောင်းပြု လုပ်စားအဖွဲ့အစည်းများဟာ ပဋိပက္ခတွေ ပြီးဆုံးသွားမှာကို အလွန်စိုးရိမ်လေ့ရှိကြပါတယ်။ တဘက်နဲ့တဘက် အနိုင်ယူပွဲသိမ်း တိုက်ပွဲ ဆင်နွှဲသွားနိုင်မှာကို စိုးရိမ်ပြီး နည်းမျိုးစုံနဲ့ ပဋိပက္ခဖြစ်ချိန် ကြန့်ကြာအောင် ဆွဲဆန့်ဖို့ ကြိုးစားလေ့ရှိသလို၊ စေ့စပ်ဆွေးနွေးပွဲတွေ ပေါ်ပေါက်လာတဲ့အခါမှာ ပျက်ပြားအောင် ဖျက်ဆီးလေ့ရှိကြပါတယ်။ ဒါကြောင့် စေ့စပ်ဆွေးနွေးမှုကို ဦးဆောင်မယ့်ခေါင်း ဆောင်များဟာ ပဋိပက္ခနဲ့ဆက်စပ်ပြီး ကိုယ်ကျိုးရှာ အဖွဲ့အစည်းတွေနဲ့ ရာဇဝတ်မှုကျူးလွန်နေသော အဖွဲ့အစည်းတွေကို ကြိုတင်သိမြင်ထားဖို့လိုအပ်ပါတယ်။

ဒီလို multiple actors တွေအကြားမှာ ဆက်ဆံရေးတည်ဆောက်တဲ့အခါ ဆက်သွယ်မှုလမ်းကြောင်း (communication channels) တွေဖွင့်ဖို့လိုအပ်ပါတယ်။ စေ့စပ်ဆွေးနွေးမှုလုပ်ဖို့ကြိုးစားတဲ့ အခါတိုင်းမှာ ပဏာမ ညှိနှိုင်းမှုလုပ်တဲ့ အချိန်တွေက တည်းက ဘယ်ဘက်မှာ ဘယ်သူနဲ့ဆက်သွယ်ရမယ်၊ ဆက်ဆံရေးနဲ့ပတ်သက်ပြီး ဘယ်လောက်အထိ scope of communication ထား မယ်၊ ဘယ်လိုဆက်သွယ်မယ်ဆိုတဲ့ lines of authority တွေ ရှင်းလင်းနေဖို့လိုအပ်ပါတယ်။ ဒါတွေ ရှင်းလင်းနေခြင်း မရှိဘူးဆိုရင်တယောက်တပေါက် ဆက်သွယ်မှုလမ်းကြောင်းတွေ ဖွင့်ရင်း ရှုပ်ထွေးမှုတွေ ဖြစ်လာစေနိုင်ပါတယ်။

စေ့စပ်ဆွေးနွေးမှုတွေအတွက် ပဏာမ ညှိနှိုင်းတဲ့ အချိန်တွေမှာပဲဖြစ်ဖြစ်၊ စေ့စပ်ဆွေးနွေးပွဲ စတင်ချိန်မှာပဲဖြစ်ဖြစ် mass media နဲ့ ဘယ်လိုဆက်သွယ်ဆောင်ရွက်မှုတွေ လုပ်မလဲဆိုတာကိုလဲ protocol တွေ ရှိနေဖို့လိုအပ်ပါတယ်။ မီဒီယာဆိုတာ လူထုနဲ့ ဆက်ဆံရေးပေါင်းကူးပဲဖြစ်ပါတယ်။ ဒါကြောင့် မီဒီယာတွေနဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေမှာ အလွန်သတိထားဆက်ဆံဖို့ လိုအပ်ပါတယ်။ အပြန်အလှန် လေးစားမှု ရှိကြဖို့လိုအပ်ပါတယ်။

နိုင်ငံရေးပညာရှင် Solomon ဆိုသူက စေ့စပ်ဆွေးနွေးမှုမှာမီဒီယာတွေနဲ့ ပတ်သက်ဆက်စပ်ရတဲ့အခါ ပြောရေးဆိုခွင့် ရှိသူတွေရဲ့တာဝန်က တဘက်က counterpart တွေကို သွယ်ဝိုက်နည်းနဲ့ မိမိတို့လိုလားချက်တွေကိုအသိပေးရေး၊ မိမိတို့စဉ်းစားတွေးခေါ်ချက်တွေကိုလူထုသို့အသိပေးတင်ပြရေး၊ ဂျာနယ်လစ်တွေနဲ့မီဒီယာသမားတွေကို briefing ပေးရေး၊ စေ့စပ်ဆွေးနွေးမှုမှာ ပါဝင်မယ့် အာဂျင်ဒါတွေကိုမီဒီယာမှတဆင့် ဖြန့်ကျက်ရေးစတာတွေ ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ပြောထားခဲ့ပါတယ်။ မီဒီယာတင်ပေးလာတဲ့ လမ်းကြောင်းကိုပြောရေးဆိုခွင့်ရှိသူတွေ၊ စေ့စပ်ဆွေးနွေးမှု အကောင်အထည်ဖော်နေသူတွေက လိုက်တက်မိသွားခြင်းကို သတိထားရှောင်ကြဉ်ဖို့လိုပါတယ်။

ယေဘုယျအားဖြင့် စေ့စပ်ဆွေးနွေးမှုနဲ့ပတ်သက်ပြီး မီဒီယာကတဆင့် ထိတွေ့ဆက်ဆံရမယ့် ပရိသတ် ခြောက်မျိုးရှိပါတယ်။ အတိုက်အခံဘက်မှာရှိတဲ့ စေ့စပ်ဆွေးနွေးရေးအဖွဲ့၊ အတိုက်အခံဘက်မှာရှိတဲ့ အဓိကဆုံးဖြတ်ချက် ချမှတ်သူ ခေါင်းဆောင်များ၊ အတိုက်အခံဘက်မှ ထောက်ခံအားပေးသူများ၊ နိုင်ငံတကာ အစိုးရများနှင့်နိုင်ငံတကာ အန်ဂျီအိုအဖွဲ့အစည်းများ၊ မိမိဘက်မှ ခေါင်းဆောင်များနှင့်ဆုံးဖြတ်ချက်ချမှတ်သူများ၊ မိမိဘက်ကိုထောက်ခံအားပေး သူများစတာ

**စာမျက်နှာ ၁၉ သို့**

# စီးပွားရေးပိတ်ဆို့မှုနှင့်ပတ်သက်ပြီး ဦးဝင်းတင်၏ အမြင်နှင့် အယူအဆ

**ယခင်အပတ်အဆက်**

**VOA ၊ ဇန်နဝါရီ ၁၉ ။** ။ နှစ်ရှည်လများ ပိတ်ဆို့ထားတဲ့ အနောက်နိုင်ငံ၊ ဒီမိုကရေစီနိုင်ငံများရဲ့မြန်မာစစ်အစိုးရအပေါ် စီးပွားရေး ပိတ်ပင်ထားမှုကို ရုတ်သိမ်းသင့်သလား။ ပြောင်းလဲမှုများအတွက် စီးပွားရေးပိတ်ဆို့မှုက အဟန့်အတားဖြစ်နေသလားစတဲ့အကြောင်းအရာများကို အဖွဲ့ချုပ်ဗဟိုကော်မတီဝင် ဦးဝင်းတင်နဲ့ VOA မှ ဆွေးနွေးသုံးသပ်တင်ပြထားပါတယ်။

ဦးကျော်ဇံသာ ။ ။ ဒါပေမဲ့ စစ်အစိုးရကတော့ သူတို့က အဲဒါကို အသုံးချတာပေါ့။ သူတို့ ညံ့ဖျင်းမှု၊ အသုံးမကျမှုတွေကို ကာကွယ်ဖို့ အတွက် sanction ကြောင့် ဖြစ်ပါတယ်လို့ လက်ညှိုးထိုးပြီး အသုံးချနေ တယ်လို့ ကျနော်က ပြောချင်တာပါ။

ဦးဝင်းတင် ။ ။ ဟုတ်ပါတယ်။ အသုံးချနေတာပါ။

ဦးကျော်ဇံသာ ။ ။ အဲဒီတော့ သူတို့ကိုလည်း မထိခိုက်တဲ့အပြင် ဒါကို သူတို့က ဒါကို အသုံးချနေတယ်ဆိုတော့ သူတို့အတွက် အဲဒီ sanction ရှိနေတာ အကျိုးရှိနေသလိုဖြစ်နေတာပေါ့။

ဦးဝင်းတင် ။ ။ ဒါ အမှန်ဖြစ်နေတဲ့ဟာပါ။ သူတို့က ဒါကိုအကာ အကွယ်ယူနေတယ်။ အကြောင်းပြနေတယ်။ ဒါကို အကြောင်းပြနေ တယ်ဆိုတာနဲ့ပတ်သက်လို့ သိပ်ပြီးထင်ရှားတဲ့အချက် ဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲအကြောင်းပြနေပေမယ့် ပြည်သူလူထုကိုမေးပါ၊ ပြည်သူလူထုကြားမှာ ဝင်ပြီးစုံစမ်းပါ။ ဘယ်လိုပြောမလဲ ပြည်သူလူထု ကဘာပြောမလဲ။ ဒီ စစ်အစိုးရက လုပ်ပုံကိုင်နည်းတွေ မှားနေတယ်။ မတရားတွေလုပ်နေတယ်။ အခွန်အထုပ်တွေအများကြီး အကြီးအကျယ်ကောက်နေတယ်။ ငွေလုယ်နှုန်း မမှန်မကန်လုပ်နေတယ်။ သို့မဟုတ်လည်း အုပ်ချုပ်ရေးစံနစ်တွေ ညံ့နေတယ်။ အာဏတိလိုက်စားမှုတွေများနေတယ် - ဒါတွေပဲ ပြောကြလိမ့်မယ်။ sanctionကြောင့်လို့တော့ဘယ်သူမှသိပ်ပြီးပြောလိမ့်မယ်မထင်ဘူး။ဘာဖြစ်လို့ဒီလိုပြောသလဲဆိုတော့ တိုင်းပြည်မှာ သူတို့က တိုင်းပြည်မှာ စကားရှိပါတယ် - ထားစရာမရှိတဲ့လူနဲ့ စားစရာမရှိတဲ့လူ နှစ်မျိုးပဲရှိတယ်လို့။ ဒီ sanction ကို စားစရာမရှိတဲ့လူက သူတို့ကို ထိခိုက်တယ်လို့ ပြောစရာအကြောင်း မရှိပါဘူး။ ထိခိုက်နေတာက ထားစရာမရှိတဲ့လူတွေကသာ သူတို့ ပိုပိုပြီး ထားစရာမရှိလောက်အောင် ပိုချမ်းသာကြွယ်ဝခြင်းကို ထိခိုက်စေတဲ့ ဒီ sanction ကိုသာ လက်ညှိုးထိုးနေတာ ဖြစ်တယ်။

ဦးကျော်ဇံသာ ။ ။ နောက်တချို့ က ပြောကြပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ပြောင်းလဲသွားတဲ့ကိစ္စကို ကြည့်မယ်ဆိုရင် ဖွဲ့စည်းပုံအရ လွှတ်တော်က ပြောင်းလဲတာ မဟုတ်ဘူး။ စီးပွားရေးအားဖြင့် သူတို့ croniesတွေသူတို့ရဲ့လက်ဝေခံတွေဒီလိုပဲစီးပွားရေးလုပ်ရင်နဲ့စီးပွားရေး ကျယ်ပြန့်လာတဲ့အခါ သူတို့ စီးပွားရေးလုပ်ပိုင်ခွင့် ပိုမိုရရှိလာဖို့အတွက် ရုန်းကန်မှုဟာ အဓိကအရေးကြီးတဲ့ ကိစ္စဖြစ်တယ်လို့ ပညာရှင်တွေက ဆိုကြပါတယ်။ ဆိုတော့ မြန်မာနိုင်ငံမှာလည်း စစ်အစိုးရနဲ့ သူတို့ အပေါင်းအပါးတွေဟာ စီးပွားရေးလုပ်တဲ့ လူနည်းစုက ချမ်းသာကြီးပွား သထက်ကြီးပွားခဲ့ရင် သူတို့စီးပွားရေးဘောင်ချဲ့ရင် ဒီ cronies တွေ ရဲ့စီးပွားရေးဘောင်ချဲ့တာကတဆင့် ဒီမိုကရေစီပြုပြင်ရေးဖြစ်ဖို့ဘက်ကို အားသာလာစေတဲ့အကြောင်း မဖြစ်လာနိုင်ဘူးလား။

ဦးဝင်းတင် ။ ။ ဒီလိုဆိုရင်တော့ အဲဒါကျယ်ပြန့်သွားမယ်လို့ထင်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ စီးပွားရေးသမားချင်းလည်းနိုင်းယှဉ်ကြည့်ရမယ်လို့ထင်ပါတယ်။အရည်အချင်းလည်းကွာလိမ့်မယ်လို့ ထင်ပါတယ်။အင်ဒိုနီးရှားကလူတွေက စီးပွားရေးလုပ်ငန်းလုပ်နေတဲ့ လူတွေဖြစ်ကောင်းဖြစ်လိမ့်မယ်။ နောက် လုပ်ငန်းအမြင်နဲ့ကြည့် ပြီးတော့ ဒီ့လုပ်ငန်းတွေ ဘောင်တွေဖြန့်ရင်ကောင်းမယ်ဆိုပြီးချဲ့ ရာက နေဒီမိုကရေစီအခွင့်အရေးတွေ မြန်မြန်ပြောင်းလဲလာတဲ့အနေအထား တွေရလာတယ်လို့တွက်ရလိမ့်မယ်။ အခု ဗမာပြည်မှာရှိတဲ့သူ တို့ရဲ့ အပေါင်းအသင်းလို့ ပြောရမယ့်လူတွေပေါ့ - လက်ချိုးရေတွက်ရင် လေးငါးယောက်ပဲရှိပါတယ်။ အဲဒီ လေးငါးယောက်ကသူတို့ရဲ့စေတနာ၊ တိုင်းပြည်အပေါ်မှာထားတဲ့ဟာ စီးပွားရေးအမြင်တွေကတော့ အင်ဒိုနီးရှားလူတွေနဲ့ တန်းတူယှဉ်တူရှိလိမ့်မယ်လို့ ကျနော်ကသိပ်မထင်ပါဘူး။ အဲဒါကြောင့် သူတို့က သိပ်ပြီးတော့ဘောင်တွေဘာတွေ ချဲ့ဖို့ဆိုတာထက် သူတို့ sanction တွေဘာတွေ ရှိတဲ့ကာလမှာတောင် သူတို့ပိုလိုတောင် အကျိုးအမြတ်ရှိတယ်လို့ တွက်ကောင်းတွက်လိမ့် မယ်။ သို့မဟုတ်လည်း လူကြားကောင်းအောင် sanction ကို နိုင်ငံရေးအားဖြင့် အန်အယ်လ်ဒီတို့ ဘာတို့ကို တိုက်ခိုက်လို့ရအောင် ဒီမိုကရေစီအင်အားစုတွေကို တိုက်ခိုက်လို့ရအောင် ပြောနေတာ ဖြစ်ကောင်း ဖြစ်လိမ့်မယ်လို့ ပြောလို့ရပါတယ်။

ဦးကျော်ဇံသာ ။ ။ ဒီ sanction ကို ဆက်လက်ထားသင့်တယ်၊ မထားသင့်ဘူးဆိုပြီး ဒီမိုကရေစီလိုလားတဲ့အင်အားစုတွေအကြားမှာ လည်း သဘောကွဲ ငြင်းခုံမှုတွေရှိပါတယ်။ ဆိုတော့ ဒီကိစ္စဟာ ဒီမိုက ရေစီအင်အားစုတွေကို အားပျော့စေတယ်လို့ ထင်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး တသွေးတသံ သဘောထားဖြစ်အောင် ဘယ်လိုများလုပ်နိုင်ပါမလဲ။

ဦးဝင်းတင် ။ ။ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်ကိုပြန်ကြည့်မယ်ဆိုရင် sanction တွေ ရုတ်သိမ်းရေးဆိုတာတွေ ပေါ်ပေါက်ခဲ့ဘူးပါတယ်။ သို့သော် အဲဒီလူတွေအများစုဟာ ဒီမိုကရေစီသမားတွေမဟုတ်ပါ ဘူး။ ဒီမိုကရေစီအတွက် ပြောတာမဟုတ်ပါဘူး။ စစ်အစိုးရအလိုကျ၊ စစ်အစိုးရရဲ့ အသံတွေကိုလိုက်ပြီးတော့ သံယောင်လိုက်တဲ့ အသံ တွေသာဖြစ်ပါတယ်။ ဒီမိုကရေစီအသံတွေ မဟုတ်ပါဘူး။ အဲဒါ ကြောင့် ဒီနေ့ sanction တွေနဲ့ ပတ်သတ်ပြီး ရုတ်သိမ်းရေးပြော တဲ့ဟာ တွေက လည်းကျနော်အမြင်အရတော့ ဒါတွေက တိုင်းရင်း သားတွေရဲ့ အသံ၊ ဒီမိုကရေစီအင်အားစုတွေရဲ့ အသံလို့ ကျနော်က မယူဆဘူး။ အဲဒါ ကြောင့် sanctionရုတ်သိမ်း ရေးပြဿနာဟာ ဒီမိုကရေစီသမားတွေ ကြားတိုင်းရင်းသားတွေအကြားမှာ ပြဿနာဖြစ်အောင် ဖန်တီးနေတဲ့ အရာဖြစ်တယ်လို့ မယူဆပါဘူး။ ဒါတွေက ဘာလိုပြောပြော အမျိုးမျိုး သောအကြောင်းများ၊ အကြောင်းကြောင်းကြောင့် စစ်အစိုးရရဲ့ လေသံ ကိုလိုက်ပြီး သံယောင်လိုက်ပြောနေတဲ့ အသံတွေဖြစ်တယ်။ နောက် တချက်ပြောချင်တာက ဘာပဲပြောပြော ဒီပုဂ္ဂိုလ်များရဲ့ ပြောတဲ့ဆိုတဲ့ အသံတွေကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းတို့မှာ အဟန့် အတားဖြစ်စေမယ်လို့ ကျနော်တို့က မယူဆပါဘူး။အကောင်း

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၇ မှ**

တွေဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ၂၁ ရာစုမှာ တရားဝင်သတင်းဌာန မီဒီယာများတင်သာမက တရားမဝင် သတင်းမှုဆိုးများပါ ပေါ်ထွက်လာပြီဖြစ်တဲ့အတွက် သတင်းအချက်အလက်တွေ မလိုအပ်ပဲ ပေါက်ထွက်သွားခြင်း၊ တယောက်တပေါက် ပြောဆိုခြင်းတွေမရှိရအောင် အဖွဲ့အစည်းတိုင်းမှာ မီဒီယာနဲ့ပတ်သက်တဲ့ မဟာဗျူဟာတွေရှိနေဖို့ လိုအပ်ပါတယ်။

သက်ဆိုင်ရာ အဖွဲ့အစည်းတွေမှာ မီဒီယာတွေနဲ့ ပတ်သက်ပြီး တရားဝင်ပြောရေးဆိုခွင့် (front channel) ကိုကျော်လွန်ပြီး၊ back channel ကနေ ဆက်နွယ်မှု ရှိနေသလားဆိုတာကိုလဲ ပြန်လည်ဆန်းစစ်ရပါမယ်။ Public ကို ထုတ်ပြန်လို့မရသေးတဲ့ ဆွေးနွေးညှိနှိုင်းဆဲ အချက်အလက်တွေကို back channel ကနေတဆင့် မီဒီယာတွေနဲ့ သတင်းမှုဆိုးတွေဆီကို information leakage လုပ်လိုက်တဲ့အခါကျရင် စေ့စပ်ဆွေးနွေးမှု၊ ပဏာမညှိနှိုင်းမှုတွေရဲ့ရလဒ်တွေကို undermine လုပ်ရုံမက အထင်အမြင် လွဲတာတွေ၊အပြန်အလှန် ယုံကြည်မှု လွဲတာတွေ ဖြစ်လာစေနိုင်ပါတယ်။ ဘယ်လောက်ပဲ တိုးတက်ခေတ်မှီတဲ့ဒီမိုကရေစီနိုင်ငံကြီးတွေမှာပဲဖြစ်ဖြစ်ပြည်သူ့ရေးရာနဲ့ ပတ်သက်တဲ့ လုပ်သမျှ အလုပ်ကို ကကြီးကနေ အ အထိ အစအဆုံး မီဒီယာတွေနဲ့ သတင်းမှုဆိုးတွေကို ထုတ်ပေးနေကြတာ မဟုတ်ပါ။

နှစ်ဆယ့်တစ်ရာစုရဲ့ သတင်းနဲ့ ဆက်သွယ်ရေး နည်းပညာတွေ တိုးတက်လာတဲ့ ခေတ်ကြီးမှာ ကုန်ပစ္စည်းကြော်ငြာတွေက မှိုလိုပေါက်ပြီး ပေါ်ထွက်လာခဲ့ပါတယ်။ နေရာတကာမှာ တံဆိပ်ကပ်မှုတွေ ခေတ်စားလာတာနဲ့အမျှ ကုန်ပစ္စည်းနဲ့တင် အားမရတော့ပဲ လူတွေကပါ ဘာလုပ်လုပ် တံဆိပ်လေးနဲ့မှ လုပ်ချင်စိတ် ဖြစ်လာကြပါတော့တယ်။ လွတ်လပ်စွာ ပြောဆိုခွင့်ဆိုပြီး လျှို့ဝှက်အပ်တဲ့အရာတွေကိုပါ မထိန်းချုန်တော့ပဲ ပြောချင်ရာပြော၊ လုပ်ချင်ရာ လုပ်ထင်ရာစိုင်းတဲ့အကျင့်တွေကလဲ ပေါ်ပေါက်လာပါတော့တယ်။ အများနဲ့ပတ်သက်တဲ့ရေးရာတွေမှာ တာဝန်ခံမှု၊ တာဝန်ယူမှု၊ တာဝန်သိမှု စိတ်ဓာတ်တွေထက် ငါ့အတွက်၊ ငါ့နာမည်အတွက် အကျိုးကျေးဇူးရမယ်ဆိုရင်၊ နာမည်ကြီးမယ်ဆိုရင် လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်တွေကလဲ ကြီးစိုးလာပါတယ်။ အင်တာနက်နည်းပညာနဲ့ မီဒီယာတွေကိုတကိုယ်တော်ဝါဒရဲ့ လက်နက်တခုလို အသုံးချမှုတွေကလဲ များပြားလာပါတယ်။ ဒါတွေဟာ ပုဂ္ဂလိကရေးရာတွေ၊ စီးပွားရေး လုပ်ငန်းတွေ၊ ငွေကြေး ရှာဖွေမှုတွေမှာ အကြောင်း မဟုတ်ပေမယ့်စစ်ရေးနဲ့ နိုင်ငံရေးရာတွေမှာကျတော့ ကြီးမားတဲ့ အန္တရာယ်တွေ ဖြစ်လာပါတော့တယ်။

နိုင်ငံတခုရဲ့ ကံကြမ္မာ အပြောင်းအလဲကို ဖန်တီးနိုင်ဖို့အရေး၊ အာဏာရှင်စနစ်ကို ဖြုတ်ချရေး၊ မြေအောက်လှုပ်ရှားမှုများ အားကောင်း လာစေရေး၊ စစ်ရေး၊ နိုင်ငံခြားရေး၊ အမျိုးသားရင်ကြားစေ့ရေး ကိစ္စတွေမှာကျတော့ ထင်ပေါ်ကျော်ကြားမှုနဲ့ ကြော်ငြာသဏ္ဍာန်တွေကို အသုံးပြုမယ်ဆိုရင် ကောင်းကျိုးရဖို့ထက် ဆိုးကျိုးရဖို့က များပါတယ်။ တခါတရံမှာ အခန့်မသင့်ရင် မိမိကိုယ်တိုင်သော်၎င်း၊ မိမိနဲ့ ပတ်သက်ဆက်စပ်တဲ့ အဖွဲ့အစည်းတွေသော်၎င်း၊ တမျိုးသားလုံး အရေးမှာသော်၎င်း၊ အန္တရာယ်ဖြစ်စေတတ်ပါတယ်။ အဆိပ်အတောက်ဖြစ်စေနိုင်ပါတယ်။

အကြောင်းအရာတခုကို မျက်တောင်တခတ်နဲ့ ဆုံးဖြတ်လို့မရပါ။ မျက်စိတဆုံးကြည့်တတ်ဖို့လိုအပ်ပါတယ်။ လှုပ်ရှားမှု ဓာတ်ပုံတပုံကြောင့် ဓာတ်ပုံကို အများဆီ ရောက်အောင်ဖြန့်ဝေသူ တော်လှန်ရေးသမားတယောက် နာမည်ကြီးလာစေပေမယ့် ဓာတ်ပုံထဲပါသူတွေရဲ့ လုံခြုံရေးကို ထိခိုက်စေနိုင်မယ်ဆိုရင် ကိုယ့်ရဲ့ ပုဂ္ဂလိက အကျိုးစီးပွားကို စွန့်လွှတ်ဖို့လိုပါတယ်။ ရေတို ဒီမိုကရေစီ အရေးအတွက် ခေတ္တ အခွင့်အလမ်းကောင်းဟာ ရေရှည် အမျိုးသားအကျိုးစီးပွားအတွက် အန္တရာယ်ဖြစ်လာနိုင်တယ်ဆိုရင်လဲ သတိတရားကို လက်ကိုင်ထားပြီး လက်လွှတ်သင့်ရင် လွှတ်တတ်ဖို့လိုပါတယ်။ အထူးသဖြင့် နိုင်ငံရေးခေါင်းဆောင်တွေအနေနဲ့ ကိုယ်ကျိုးနဲ့ အများအကျိုး၊ ရေတိုအကျိုးအမြတ်နဲ့ အမျိုးသားအကျိုးစီးပွားရေးရာတွေကို ချင့်ချင့်ချိန်ချိန်နဲ့ ကိုင်တွယ်တတ်ဖို့လိုအပ်ပါတယ်။ ဆိုင်းသံ ကြားတိုင်း ကချင်သူတွေသာ ခေါင်းဆောင်လုပ်ရင် တိုင်းပြည် ရေစုံမျော နိုင်ပါတယ်။

မီဒီယာသမားတွေအတွက်ကတော့ သတင်းရရေးနဲ့ သတင်းဖော်ပြချက် တင်ပြနိုင်ရေးဟာ ပထမဦးစားပေးတာဝန်ပဲ ဖြစ်ပါတယ်။ သူတို့ ဘက်က ကြည့်ရင်လဲ မမှားပါဘူး။ ဒါပေမယ့် လျှို့ဝှက် လုပ်ရတဲ့ကိစ္စတွေမှာကျတော့ အနှောင့်အယှက်တွေ ဖြစ်လာစေပါတယ်။ အပြီးမသတ်သေးတဲ့စီမံချက်တွေ၊ ဆုံးဖြတ်ချက်တွေကို သတင်းမှားထွက်သွားခဲ့ရင်လဲ အမှားအယွင်းတွေ ဖြစ်စေတတ်ပါတယ်။ နိုင်ငံရေး ပညာရှင် Kelman က အဖြေတခုရအောင် ပူးတွဲလုပ်ဆောင်မှု ဖြစ်စဉ်တွေမှာ အဖြေမထွက်သေးပဲ public reports တွေ ထွက်လာတဲ့အခါ ပူးတွဲဆောင်ရွက်မှု လုပ်ငန်းစဉ်တွေကို ထိခိုက်စေနိုင်ကြောင်း ထောက်ပြပြောဆိုထားခဲ့ပါတယ်။

စေ့စပ်ဆွေးနွေးမှုနဲ့ ပတ်သက်တဲ့ relationships တွေမှာထည့်သွင်းစဉ်းစားရမယ့် နောက်ထပ်အကြောင်းအရာတခုကတော့ကွဲပြားခြားနားနေတဲ့ ယဉ်ကျေးမှုတွေပဲဖြစ်ပါတယ်။ ယဉ်ကျေးမှုဆိုရာမှာ ဝတ်စားဆင်ယင်မှု၊ ထုံးတမ်းစဉ်လာတွေသာမက ယုံကြည် မှု၊စဉ်းစားတွေးခေါ်မှုသဏ္ဍာန်၊ ခံစားနားလည်မှုသဏ္ဍာန်၊မျိုးဆက် တခုမှ တခုသို့ လက်ဆင့်ကမ်းသော အကြောင်းအရာတွေ၊ အညွှန်းအတေးစတာတွေပါ ပါဝင်ပါတယ်။ လူမျိုးစုကွဲပြားမှုပါ ဆက်စပ်ပါဝင်တဲ့ ပဋိပက္ခတွေမှာ ဝတ်စားဆင်ယင်မှု၊ ထုံးတမ်းစဉ်လာတွေကိုတင် သိရှိလေ့လာထားရုံနဲ့ နှစ်ပေါင်းများစွာ အမြစ်တွယ်နေခဲ့တဲ့ ရင်တွင်းက ပဋိပက္ခအညှိုး အတေးတွေကို မသိမြင်နိုင်ပါဘူး။ **ဆက်လက်ဖော်ပြပါမည်**

**စာမျက်နှာ ၁၈ မှ**

ဆုံးက ဒီ ပုဂ္ဂိုလ်များဟာ sanction ရုတ်သိမ်းရေးကို ကြွေးကြော်နေတာနဲ့အတူ လုပ်ဖို့ကောင်းတဲ့အလုပ်က ဘာလဲဆိုတော့ စစ်အစိုးရကိုအော်ရမှာ - အန်အယ်လ်ဒီကို အော်ရမှာ မဟုတ်ဘူး။ ဒီမိုကရေစီအင်အားစုတွေကို အော်ဖို့မဟုတ်ဘူး။ အနောက်နိုင်ငံတွေက အရေးယူလုပ်ထားတဲ့ နိုင်ငံကြီးတွေကို အော်ဖို့မဟုတ်ဘူး။ အော်ဖို့လိုတာက စစ်အစိုးရကို အော်ဖို့လိုတာ။ ဒီ sanction တွေ ရှိနေခြင်းဟာ ဗမာပြည်ထဲမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ အများကြီးရှိနေလို့ဖြစ်နေတာပါ။ ဒီ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ဒီမိုကရေစီရိုက်ချိုးမှုတွေကို ရုတ်သိမ်းပါ၊ ရုတ်သိမ်းခြင်းအားဖြင့် sanction တွေ လျော့ပါးသွားပါမယ်။ အဲဒီလို လျော့ပါးသွားခြင်းအားဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးသဘာဝကျကျ ပေါ်လာပါလိမ့်မယ်ဆိုတဲ့ဟာကို ပြောသင့်တယ်လို့ ပြောလိုပါတယ်။

# ဂီရိမုန်တိုင်းကယ်ဆယ်ရေး လိုငွေပြနေ၊ ဒုက္ခသည်များ အခက်အခဲမျိုးစုံကြုံတွေ့နေရဆဲ

**DVB ၊ ဂျန်နဝါရီ ၁၇ ။**   ။ ပြီးခဲ့တဲ့အောက်တိုဘာ ၂၂ ရက်နေ့က ရခိုင်ကမ်းရိုးတန်းဆီတိုက်ခတ်ခဲ့တဲ့ ဂီရိမုန်တိုင်းကယ်ဆယ်ရေးနဲ့ပတ်သက်ပြီး အလှူငွေမှန်းသလောက်မရတဲ့အတွက် ကယ်ဆယ်ရေးနဲ့ ပြည်လည်ထူထောင်ရေး အခက်အခဲဖြစ်နေတယ်လို့ ကုလသမဂ္ဂက ပြောပါတယ်။

အမေရိကန်ဒေါ်လာ ၅၇ သန်းအလှူခံထားပေမယ့် အခု ၃ လကြာတဲ့အထိ ၂၂ သန်းသာ ရသေးတယ်လို့ ကုလသမဂ္ဂက ပြောပါတယ်။ ဒါဟာ ၂၀၀၈ ခုနှစ်ကဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းကယ် ဆယ်ရေး ကာလတုန်းကလိုမျိုး အလှူငွေလိုသလောက်မရမှာကို စိုးရိမ်ဖွယ်ဖြစ်လာနေတယ်လို့ ကုလသမဂ္ဂရန်ကုန်ရုံးခွဲရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ဂီရိမုန်တိုင်းဒဏ်ကို အဓိကခံခဲ့ရတဲ့ မြေပုံ၊ ပေါက်တော၊ မင်းပြားနဲ့ကျောက်ဖြူ ၄ မြို့နယ်က လူပေါင်း တသိန်းငါးထောင်ခန့်ဟာ အခုချိန်ထိ အိမ်ပြန်မဆောက်နိုင်သေးတဲ့အတွက် ဆွေမျိုးတွေရဲ့နေအိမ်မှာ မှီခိုနေထိုင်နေရဆဲဖြစ်ပါတယ်။

ရှေ့မှာဖော်ပြခဲ့တဲ့ ပြင်ပအကူညီတွေသာ ထပ်မရဘူးဆိုရင် ပြိုပျက်ခဲ့တဲ့အိမ်ခြေ ၆၀ ရာခိုင်နှုန်းကို ဒီနှစ်မိုးရာသီမတိုင်မီ အချိန်မီပြန်ဆောက်နိုင်မှာမဟုတ်ဘူးလို့လည်း အဲဒီသတင်းထုတ်ပြန်ချက်က ထောက်ပြထားပါတယ်။ ဒ့ါအပြင် မုန်တိုင်းကြောင့် ငါးဖမ်းလှေတွေ၊ စိုက်ပျိုးရေးလုပ်ငန်းတွေ ပျက်စီးသွားတဲ့အတွက် ၄ မြို့နယ်အတွက် စပါးထုတ်လုပ်မှု ၆၀ ရာနှုန်းကျဆင်းသွားပြီး အဓိကထိတဲ့ မြေပုံမြို့နယ်မှာ စပါးခင်း ၉၀ ရာခိုင်နှုန်းအထိ ပျက်စီးသွားတယ်လို့ ကုလသမဂ္ဂ သတင်းထုတ်ပြန်ချက်က ထောက်ပြ ထားပါတယ်။ သတင်းထုတ်ပြန်ချက် အသေးစိတ်အခြေနေကိုသိနိုင်ဖို့ ကုလသမဂ္ဂပြန်ကြားရေးအဖွဲ့မှတာဝန်ရှိသူတွေကို ဆက်သွယ်မေးမြန်းဖို့ကြိုးစားခဲ့ပေမယ့် အခုချိန်ထိ အဆင်မပြေသေးပါဘူး။ မကြာသေးခင်ကမှ အဲဒီဒေသကပြန်လာပြီး နိုင်ငံတကာဘက်က အကူညီတွေ တိုးပေးဖို့တောင်းဆိုခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူးလည်းဖြစ်၊ ရခိုင်တိုင်းရင်းသားခေါင်းဆောင်တဦးလည်းဖြစ်တဲ့ ဦးအေးသာအောင်က အခုလိုပြောပါတယ်။

"ကျနော့်အနေနဲ့ ပြောရမယ်ဆိုရင် အဓိက လယ်ယာလုပ်ငန်းလုံးဝဆန်စပါးမရှိတဲ့အခါကျတော့ ကယ်ဆယ်ရေးကိုပဲ အဓိကမှီခိုပြီး စားနေကြရတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေကိုလည်း ဆက်လက်ပြီးတော့ လုပ်ပေးဖို့မေတ္တာရပ်ခံချင်တယ်။ ပြီးတော့ အိုးအိမ်တွေ တည်ထောင်ပေးဖို့ အထူးသဖြင့်ရေလုပ်ငန်း၊ လှေတွေ ငါးဖမ်းပိုက်တွေကို တတ်နိုင်တဲ့ ကုလသမဂ္ဂလိုအဖွဲ့အစည်းစီစဉ်ပေးမှ လုပ်ငန်းတွေ လုပ်နိုင်မယ်၊ ဝင်ငွေတွေရမယ်။"

ဟုတ်ကဲ့ အန်ကယ်တို့တလောက သွားပြီးတော့ အန်အယ်လ်ဒီကသိန်း ၁၀၀ ကူညီတာ၊ နောက်ထပ် သွားဖို့ ကူညီဖို့ ရှိသေးလားခင်ဗျ။

"ဟုတ်ကဲ့ မတ်လမှာ ကျနော်သွားမှာပါ။ အဲဒီအတွက် ငွေကြေးနည်းနည်းပြန်ရှာဖွေနေတာပေ့ါဗျာ။ အထူးသဖြင့် ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ပါတီဝင်တွေရဲ့ လှူဒါန်းငွေတွေနဲ့ ကျနော် ဒီဒေသတွေကို သောက်ရေ သုံးရေကိစ္စတွေကို စီမံဆောင်ရွက်ပေးဖို့ ကျနော်ပြင်ဆင်နေပါတယ်။"

ဟုတ်ကဲ့ ဆိုတော့ အန်ကယ်တို့ ပြန်လာပြီးတော့ ဒေါ်အောင်ဆန်းစုကြည်လည်း ဒီနိုင်ငံတကာကို အကူအညီတောင်း စာရေးသေးတယ်မဟုတ်လား၊ အဲဒီဟာ ဘာထူးလဲခင်ဗျ။

"ဟုတ်ကဲ့ အကူအညီပေးဖို့ ကမ်းလှမ်းလာတဲ့ နိုင်ငံတွေ တော်တော်များပါတယ်။ ဥပမာ အမေရိကန် ပထမတုန်းက သုံးသိန်းပေးဖို့အတွက်ပြောပါတယ်။ အခု ဒီကြေညာချက်ထွက်ပြီးမှဆိုရင် ၁.၅ သန်းပေးဖို့အတွက် ထုတ်ဖော်ပြီးတော့ပြောတာ တွေ့ရပါတယ်။ တခြားနိုင်ငံတွေကလည်း ကူညီဖို့အတွက်ပြောတာတွေကို ကျနော်တို့ကြုံရပါတယ်။ အဓိကဂီရိဒေသမှာ ဖြစ်သွားတဲ့ ဒီဖြစ်ပျက်တဲ့ အပျက်အစီးတွေနဲ့ပတ်သက်လို့ နိုင်ငံတကာကနေအတော်များများမသိကြဘူးခင်ဗျ။ နောက်တချက်က မီဒီယာနဲ့ပတ်သက်တဲ့ လူတွေက သိပ်မရောက်ကြဘူး။ ဒီတော့ သိလာခြင်း အားဖြင့်နိုင်ငံတကာကလည်း ပိုပြီးတော့ အကူအညီတွေပေးလာကြလိမ့်မယ်လို့ထင်ပါတယ်။"

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

PRINTED MATTER